# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၇)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကယားပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




# ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ခြင်းဖြင့် မကူးစက်နိုင်သောရောဂါများကို ကာကွယ်ပါ

မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးရခြင်းသည် ကူးစက်ရောဂါများထက် ပိုမိုများပြားလျက်ရှိကြောင်း ကျန်းမာရေးပညာရှင်များက ထုတ်ဖော်ပြောကြားထားသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က သေဆုံးသူ ၁၀၀ လျှင် ၅၉ ဦးခန့်သည် မကူးစက်နိုင်သော ရောဂါများကြောင့်ဖြစ်ပြီး ၂၀၁၇ ခုနှစ်သို့ ရောက်သောအခါ ၅၉ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်သို့ ရောက်သောအခါ ၇၅ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိလာသည်ဟုလည်း ဆိုသည်။

မကူးစက်နိုင်သော ရောဂါများဟူသည် ကျန်းမာရေးနှင့် မညီညွတ်သော စားသောက်မှုနှင့် နေထိုင်မှုပုံစံများတွင် ကာလကြာမြင့်စွာ စားသောက်နေထိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါအစုအဝေးဖြစ်ပြီး လူတစ်ယောက်မှ တစ်ယောက်သို့ မကူးစက်နိုင်သော ရောဂါများဖြစ်သည်။ မကူးစက်နိုင်သော ရောဂါများတွင် သွေးတိုး၊ ဆီးချို သွေးချို၊ နှလုံးသွေးကြောကျဉ်း၊ လေဖြတ်ခြင်း၊ ကင်ဆာ၊ နာတာရှည် အဆုတ်ပွ၊ လေပြွန်ကျဉ်းနှင့် ပန်းနာရင်ကျပ်၊ စိတ်ကျန်းမာရေး၊ အတက်ရောဂါ၊ နားလေးရောဂါ၊ မတော်တဆဖြစ်ခြင်းနှင့် ထိခိုက်မှုအန္တရာယ်၊ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်၊ အရက်စွဲအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ မြွေကိုက် အန္တရာယ်ဟူ၍ ရောဂါများနှင့် ကျန်းမာရေးပြဿနာများ ပါဝင်သည်။ မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါလေးမျိုးမှာ (၁) နှလုံးသွေးကြောရောဂါ၊ (၂) ဆီးချိုသွေးချိုရောဂါ၊ (၃) ကင်ဆာရောဂါနှင့် (၄) နာတာရှည်အဆုတ်ရောဂါတို့ ဖြစ်သည်ဟု သိရသည်။

အထက်ဖော်ပြပါ မကူးစက်နိုင်သောရောဂါများ ဖြစ်ပေါ်ခံစားရသည့် လူနာနှင့် မိသားစုတို့တွင် နာတာရှည်ရောဂါများအဖြစ် ဝေဒနာခံစားရခြင်းနှင့်အတူ ငွေကုန်ကြေးကျများစွာကုသရသကဲ့သို့ နိုင်ငံတော်အပိုင်းကလည်း ရောဂါရှာဖွေခြင်း၊ ကုသခြင်းနှင့် အဆင့်မြင့်ရောဂါ ရှာဖွေရေး စက်ကိရိယာများအတွက် အသုံးစရိတ်မြောက်မြားစွာ အကုန်အကျခံနေရခြင်းဖြစ်ရာ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ မကူးစက်နိုင်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် လူတို့၏ အပြုအမူနေထိုင်စားသောက်မှုပုံစံများကို ကျန်းမာရေးနှင့် ညီညွတ်သောပုံစံအဖြစ် ပြုပြင်ပြောင်းလဲသွားရန် လိုအပ်သည်။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများ၊ အသင့်ထုပ်ပိုးထားသည့် အစားအစာများ၊ တိရစ္ဆာန်အဆီ၊ စားအုန်းဆီ၊ ကွမ်းနှင့် ဆေးရွက်ကြီးစားသုံးမှုများကို ရှောင်ကြဉ်ခြင်း၊ အမျှင်ဓာတ်ပါသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများစားသုံးခြင်း၊ မိမိနှင့်ကိုက်ညီသည့် ကိုယ်ကာယလှုပ်ရှားမှု လေ့ကျင့်ခန်းကို နေ့စဉ် မိနစ် ၃၀ ခန့် ပုံမှန်ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားဆေးငုံခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ နေ့စဉ် ရေ(၂)လီတာ (ရေသန့်နှစ်ဘူး)ခန့် သောက်ခြင်း၊ စိတ်သောကနည်းပါးစွာ နေထိုင်ခြင်းတို့ကို ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံအဖြစ် ကျန်းမာရေးပညာရှင်များက အကြံပြုထားပြီး အသက်(၄၀)နှစ်ကျော်လာပါက ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါတို့ ဖြစ်ပွားနေမှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးရန်လည်း တိုက်တွန်းထားသည်။

မကူးစက်နိုင်သောရောဂါများကို အသံတိတ်လူသတ်သမား (Silent Killer) ဟု ခေါ်ကြသည်။ ခန္ဓာကိုယ်အတွင်း မည်သည့်အချိန်က ရောက်နေသည်ကိုမသိ၊ လက္ခဏာမပြဘဲ နာတာရှည်ရောဂါအဖြစ် တဖြည်းဖြည်း ဒုက္ခပေးနေခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် နှစ်စဉ် လူ ၃၈ သန်းခန့် သေဆုံးနေကြရသည်။ ထို့အပြင် မကူးစက်နိုင်သော ရောဂါများသည် အရွယ်မတိုင်မီ သေဆုံးနိုင်သည့် ရောဂါများလည်း ဖြစ်သည့်အလျောက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုပုံစံများကို လူတိုင်းကိုယ်စီ ကျင့်သုံးကာ ရောဂါဘယဟူသမျှ ကြိုတင်ကာကွယ်နိုင်ကြပါစေကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၁၅

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**၊ **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** နှင့် **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၀ ပါတီဖြစ်၍ စုစုပေါင်း ၂၆ ပါတီဖြစ်ပါသည်။ ယင်း ၂၆ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၆ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၂၀ ပါတီဖြစ်ပြီး အဆိုပါပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အကွက်(၁)၊ ဆင်ကူးလမ်း၊ အမှတ်(၁၁၄) တွင် ပါတီရုံးချုပ်တည်ရှိသော **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၄ – ၃ – ၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**



ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မနောဟရလမ်း၊ ပထမထပ်၊ အမှတ်(၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၄–၃–၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ အလံပုံစံ**



ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ❖ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ကယားပြည်နယ်သို့ ငွေကျပ် ၁၀ ဘီလီယံ အရင်းမပျောက်မတည်ပေးထား

# ❖ အခြားပြည်နယ်များနှင့် တစ်ပြေးညီ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်ရန် စေတနာဖြင့် ဒေသခံပြည်သူများအတွက် ထုတ်ပေးထားခြင်းဖြစ်

❖ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုး၊ ဒုတိယဝန်ကြီး များ၊ ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် က ကယားပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိ သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်ပြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းနိုင်စိုး ၊ ဆီစက်လုပ်ငန်းရှင် ဦးလှသောင်း၊ ပြောင်းအခြောက်ခံစက်နှင့် သဘာဝမြေသြဇာ ထုတ်ယူခြင်း လုပ်ငန်းရှင် ဒေါ်သန်းသန်းနု၊ လွိုင်ကော်စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်ထွန်း၊ ကယားပြည်နယ် ကုန်သည်ကြီး များအသင်း အတွင်းရေးမှူး ဦးသိန်းလွင်၊ စိုက်ပျိုးရေး လုပ်ငန်းရှင် ဒေါ်မေသူဇော်နှင့် ကြက်၊ ဝက် မွေးမြူ ရေးလုပ်ငန်းရှင် ဦးခွန်ကျော်စိုးမိုးနိုင်တို့က လုပ်ငန်း များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ကြရာ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနများ အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် ပေးမှု၊ လုပ်ငန်းအတွက် ချေးငွေ ရယူလိုမှုနှင့်ပတ်သက် ၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးရေး နှင့် လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေ ရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် အရင်းအနှီးများ မတည်ဆောင်ရွက်ပေး မှု၊ သွင်းအားစု ရရှိရေးအတွက်လည်း ဆောင်ရွက်ပေး လျက်ရှိသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေး ဆောင်ရွက်လျက်ရှိမှုစသဖြင့် သက်ဆိုင်ရာ ကဏ္ဍများ အလိုက် ပြန်လည်ရှင်းလင်းကြသည်။

## လိုအပ်သည်များ အမြဲစီမံဆောင်ရွက်ပေး

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး အမှာစကား ပြောကြားရာတွင် ကယားပြည်နယ် တည်ငြိမ် အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အလေးထား စိတ်ဝင်စားလျက်ရှိပြီး လိုအပ်သည်များကို အမြဲစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်မြေအခြေအနေ နှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မပြတ်ဆက်သွယ် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဂျင်စီများ ဖွဲ့စည်းမှုဖြင့် ရပ်တန့်နေ၍မရဘဲ လုပ်ငန်းများ အမှန်တကယ် လည်ပတ်နိုင်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ Member Card နှင့် ပတ်သက်၍ MSME လုပ်ငန်းများအပြင် အခြားလုပ်ငန်းရှင်အားလုံး ပြုလုပ် ထားရန်လိုကြောင်း၊ Member Card သည် အခွင့် အရေးများစွာရှိပြီး လေ့ကျင့်သင်ကြားမှု၊ ဈေးကွက် ရရှိမှုများအပြင် နိုင်ငံတကာအထိ ပြပွဲ၊ ပြိုင်ပွဲများတွင် ခင်းကျင်းပြသနိုင်ရန် အခွင့်အလမ်းများရှိ၍ လုပ်ငန်း ရှင်များအနေဖြင့် ပြုလုပ်ထားရန်လိုကြောင်း၊ Human Resources နှင့်ပတ်သက်၍ MSME နှင့် ဆက်နွယ် သော ဝန်ကြီးဌာနများအလိုက် Website များ ဖွင့်လှစ်ထားရှိပြီး သင်တန်းများ ဖွင့်လှစ်ပေးနေမှုများ ကို လေ့လာကြည့်ရှုနိုင်ကြောင်း၊ စက်မှုဇုန်အတွင်း လုပ်ငန်း ၆၂ ခု လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အတွက် အကျိုးရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ရာတွင် လည်း ဒေသထွက်ကုန်ကြမ်းကိုအခြေခံ၍ အရည် အသွေးကောင်းသည့် ကုန်ချောထုတ်လုပ်ကာ ပြည်ပ သို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း။

ကယားပြည်နယ်၏ အဓိကထွက်ကုန်ကြမ်းများ ဖြစ်သော ပြောင်း၊ ဆန်မွှေး၊ ငရုတ်၊ ဖာလာ စသော ကုန်ကြမ်းများစွာရှိ၍ ၎င်းတို့ကို အခြေခံပြီး တန်ဖိုး မြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးကို အလျင်အမြန် အထောက်အကူပြု နိုင်မည်ဖြစ်ကြောင်း၊ One Region – One Product အရ ဒေသ၏ နာမည်ကြီးထုတ်ကုန်ဖြစ်သော ဝက်အူချောင်း၊ အထည်များထွက်ရှိရာ ထုပ်ပိုးမှု အဆင့်မီအောင် မြှင့်တင်၍ ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရန် လိုကြောင်း။

## နည်းပညာများရယူလိုပါက ဆောင်ရွက်ပေးမည်

မွေးမြူရေးနှင့်ပတ်သက်၍ သုံးစွဲရမည့် အရင်းအနှီး၊ အစာ ၊ ထုတ်ကုန်ဖြစ်သော နေရာ၊ လုပ်သားအတွက် စနစ်တကျ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာ အနေဖြင့် ကာကီကင်းဘဲ မွေးမြူရေးလုပ်ငန်းသည် နေရာ၊ အရွယ်အစား အနည်းငယ်ဖြင့် အရေအတွက် များစွာ မွေးမြူနိုင်ပြီးနေရာကျဉ်းကျဉ်း လူနည်းနည်း ဖြင့် ဝန်ကျဉ်းစွာဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ လိုအပ် သည့် နည်းပညာများ ရယူလိုပါက စီမံဆောင်ရွက် ပေးမည်ဖြစ်ကြောင်း၊ ဆန်မွှေးနှင့် ပတ်သက်၍ ထုတ်ကုန်အရည်အသွေးသည် အရေးကြီးကြောင်း၊ ထုတ်ကုန်များသည် (Good Manufacturing Practices) နှင့် (Good Agricultural Practices) ရှိသည်နှင့် မရှိသည် ကွာခြားမှုရှိပြီး ပစ္စည်းတူသော် လည်း ဈေးနှုန်းရရှိမှုမှာ အဆမတန် ကွာခြားကြောင်း၊ ဈေးကွက်ရရှိမှု ကွာခြားသဖြင့် GMP/GAP သင်တန်း များ မဖြစ်မနေ လုပ်ဆောင်သင့်ကြောင်း၊ အလားတူ နိုင်ငံခြားပို့ကုန်များနှင့်ပတ်သက်၍ အရည်အသွေး အာမခံ အန္တရာယ်ကင်းရှင်းမှုအတွက် FDA လက်မှတ် သည်လည်း ပြည်ပဈေးကွက်အတွက် အရေးကြီး သော လိုအပ်ချက်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဌာနဆိုင်ရာဝန်ထမ်းများအတွက် လက်ဆောင် ပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အခမ်းအနား တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ ကယားပြည်နယ်၏ အဓိကထွက် ကုန်ကြမ်းများ ဖြစ်သော ပြောင်း၊ ဆန်မွှေး၊ ငရုတ်၊ ဖာလာ စသော ကုန်ကြမ်း များစွာရှိ၍ ၎င်းတို့ကို အခြေခံပြီး တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလျင်အမြန် အထောက်အကူပြုနိုင်မည်**

*စာမျက်နှာ ၃ မှ*

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကယားပြည်နယ်သို့ ငွေကျပ် ၁၀ ဘီလီယံ အရင်းမပျောက်မတည် ပေးထားကြောင်း၊ ကယားပြည်နယ်အနေဖြင့် အခြားပြည်နယ်များနှင့် တစ်ပြေးညီ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်ရန် စေတနာဖြင့် ဒေသခံပြည်သူများအတွက် ထုတ်ပေးထားခြင်းဖြစ်ကြောင်း။

**ကျွမ်းကျင်လုပ်သားရရှိရန် အရေးကြီး**

ချေးငွေရယူမှုနှင့် ပတ်သက်၍ ပြန်လည်ပေးဆပ်ရန်မှာ အရေးကြီးကြောင်း၊ သို့မှသာ ထပ်မံလုပ်ကိုင်လိုသူများအတွက် ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ MSME အတွက် လိုအပ်သော အဓိကအချက်မှာ အရင်းအနှီးဖြစ်ပြီး ချေးငွေရယူလိုကြောင်း၊ တင်ပြလာသည်ကို တွေ့ရကြောင်း၊ ချေးငွေတင်ပြသူများတွင် ယခင်ကြွေးမြီကို ပေးဆပ်ရန် ကျန်သူအများစုကို တွေ့ရှိရကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်၍ ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှု၊ ဈေးကွက်စသော ကုန်ထုတ်လုပ်မှုအဆင့်ဆင့်အတွက် ကျွမ်းကျင်လုပ်သားရရှိရန်မှာ အရေးကြီးကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားလုံးတွင် ကုန်ကြမ်းမှ အနည်းဆုံး KG+9 အဆင့် အောင်မြင်ရန်လိုကြောင်း၊ သို့မှသာ Vocational Training မှတစ်ဆင့် အဆင့်မြင့်ပညာရေးနှင့် လုပ်ငန်းခွင်များအထိ ဆက်လက်သွားနိုင်မည်ဖြစ်ကြောင်း။

**နှစ်စဉ်နိုင်ငံခြားငွေများစွာ သုံးစွဲနေရ**

သွင်းအားစုနှင့်ပတ်သက်၍ လုပ်ငန်းအလိုက် အမျိုးအစားများစွာရှိကြောင်း၊ လျှပ်စစ်၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ စသဖြင့် ရှိမည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမှုများရှိသကဲ့သို့ ဒေသအလိုက် ဖြစ်နိုင်သည့် နေစွမ်းအင်သုံးလျှပ်စစ်၊ ရေအားလျှပ်စစ်များကိုလည်း တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်ကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်၍ နှစ်စဉ်နိုင်ငံခြားငွေ များစွာ သုံးစွဲနေရသဖြင့် ချွေတာသုံးစွဲရန် နိုင်ငံတော်ဝန်ကြီးချုပ်မှလည်း လမ်းညွှန်မှာကြားထားကြောင်း။

MSME အဓိက ဦးတည်ချက်သည် ဒေသကုန်ကြမ်းကို အခြေခံထုတ်လုပ်၍ ပြည်ပသို့ ပို့နိုင်သည်အထိ အရည်အသွေးကောင်းရန်လိုကြောင်း၊ ထိုသို့ MSME လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်ကြမ်းထုတ်လုပ်သူ၊ ကုန်ချောထုတ်လုပ်သူ၊ ရောင်းဝယ်သူအားလုံး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဥတ္တရာရုံကျောင်းတိုက် ရတနာသီရိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတ ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ဒေသထွက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

ဈေးကွက်ရောက်သည်အထိ အဆင့်လိုက်တွင် ကျွမ်းကျင်သူများ လိုအပ်ကြောင်း၊ MSME လုပ်ငန်းကော်မတီများတွင် Website များရှိ၍ သင်တန်းဆိုင်ရာ လေ့ကျင့်မှုများအတွက် တင်ပြတောင်းခံရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းမှုများရှိခဲ့ပြီး စက်ကိရိယာများ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရန်မှာ အကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း ရရှိသည့် အခွန်ဝင်ငွေဖြင့် ဝန်ထမ်းများအား လုပ်ခလစာများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME သည် အဓိကအရေးကြီးပြီး Importer အဆင့်မှ ပြည်ပသို့ တင်ပို့သူ Exporter အဖြစ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လက်ခံရယူသည်။

**ခင်းကျင်းပြသထားမှုများကို ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များစသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ လွိုင်ကော်မြို့ရှိဥတ္တရာရုံကျောင်းတိုက်သို့ သွားရောက်ကာ ရတနာသီရိကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များအား ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရတနာသီရိကျောင်းဆရာတော်ထံမှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်ကြီးများထံသို့ သာသနာရေးဆိုင်ရာကိစ္စရပ်များအား တင်ပြလျှောက်ထားကြပြီး ဆရာတော်များထံမှ ဆုံးမဩဝါဒများနာယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ခန္တီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် လုံခင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၈ ဦးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၆၅ ဦးတို့ကိုလည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ) သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် လွိုင်ကော်တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**မဆုတ်မနစ်ထမ်းဆောင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် တပ်မတော်သားများသည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ ၂၄ နာရီ တာဝန်ရှိကြောင်း၊ ထိုသို့ ထမ်းဆောင်ရာတွင် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ထမ်းဆောင်ကြရန် လိုကြောင်း၊ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန် ထမ်းဆောင်ရာတွင် သင်ကြားပေးသည့် စစ်ပညာများကို မှန်မှန်ကန်ကန် အသုံးချရန်နှင့် တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်း၊ ကိရိယာများကို အပြည့်အဝ ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ သို့မှသာ ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကောင်းမွန်စွာ ကာကွယ် စောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း။

**ချက်ချင်းအရေးတယူဖြေရှင်း**

စစ်ဆင်ရေးနှင့် လုံခြုံရေး လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် တပ်တွင်း စည်းလုံး ညီညွတ်ရေးသည် အရေးကြီးကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အဆင့်ဆင့် သတင်းပို့စနစ်များ၊ တပ်တွင်း ဆန္ဒဖော်ထုတ်မှုစနစ်များ ရှိပြီးဖြစ်၍ တာဝန်ရှိသူများက မှန်ကန်စွာ ပြုလုပ်ခြင်း၊ သတင်းပို့တင်ပြခြင်းများကို ချက်ချင်းအရေးတယူ ဖြေရှင်း ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးရန်လိုကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်ထားသည့် ရပိုင်ခွင့်နှင့် သက်သာချောင်ချိမှုများဖြစ်သည့် လစာ၊ စရိတ်၊ ရိက္ခာ၊ နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးများကို အရာရှိ၊ စစ်သည်၊ မိသားစုများ အားလုံး အချိန်မီတစ်ပြေးညီ ရရှိအောင် ဆောင်ရွက်ပေးရန် လိုကြောင်း။

**ကျန်းမာရေးသည် အရေးကြီး**

အရာရှိ၊ စစ်သည်၊ မိသားစုများ အနေဖြင့် အထက်မှပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် မိမိတို့၏ မိသားစုရေးရာ တာဝန်ဝတ္တရားများကို အပြည့်အဝ လုပ်ကိုင်နိုင်ရန်မှာ ကျန်းမာရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် အထက်ဌာနများမှ လမ်းညွှန်ပေးထားသည့် ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ နေထိုင်စားသောက်ရန် လိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအား အားပေးစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းကြည့်ရှု အားပေးစကား ပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့ပြင် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်သည် လွိုင်ကော်မြို့ရှိ ပြည်နယ် ရဲတပ်ဖွဲ့ရုံးသို့ သွားရောက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ကက်သလစ်သာသနာ အသင်းတော်၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ အင်္ဂလီကန်အသင်းတော်၊ ယေဟောဝါအသင်းတော်၊ သတ္တမနေ့ ဥပုသ်အသင်းတော်နှင့် ကေ့ထိုးဘိုးရိုးရာအဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များအား ပြည်နယ်စိုးရအဖွဲ့ရုံးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

### အခက်အခဲများ ဖြေရှင်းညှိနှိုင်းပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်မှ တာဝန်ရှိသူများနှင့် မပြတ်ဆက်သွယ် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်၏ ဘာသာရေးကိစ္စ၊ လူမှုရေးဆိုင်ရာကိစ္စ အခက်အခဲများရှိခဲ့လျှင် ဖြေရှင်းညှိနှိုင်းပေးနိုင်ရေး တွေ့ဆုံခြင်းဖြစ်ကြောင်း။

ပြည်နယ်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလအတွင်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် လွိုင်ကော်မြို့အနီးတစ်ဝိုက်အထိ လုံခြုံရေးအရ ခြိမ်းခြောက်မှုများရှိခဲ့ပြီး တည်ငြိမ်အေးချမ်းမှုမရှိခဲ့သော်လည်း ယခုအခါများစွာ တည်ငြိမ်အေးချမ်းလာသည်ကို တွေ့ရကြောင်း၊ သို့သော်အချို့သော မြို့နှင့် အလှမ်းကွာဝေးသည့် နေရာများတွင် တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးကြောင်း တွေ့ရသော်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း စီမံဆောင်ရွက်နေပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်လာသည့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

### ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း၍ ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများမှာ ပူးပေါင်းဆောင်ရွက်လိုမှု မရှိကြောင်း၊ တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ပစ်ခတ်ရပ်စဲရေးကို ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ သက်တမ်းတိုးထားကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ငြိမ်းချမ်းရေးအတွက် ကြိုတင်ကန့်သတ်ချက်မထားဘဲ ဆွေးနွေးနိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဖိတ်ခေါ်ခဲ့ကြောင်း၊ ဆွေးနွေးရန် နေပြည်တော်သို့ ရောက်ရှိလာသည့် လက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း မအားလပ်သည့်ကြားမှ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့ပါကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းဆွေးနွေးရေးကော်မတီကလည်း လာရောက်ဆွေးနွေးခဲ့သော အဖွဲ့များနှင့် ဒေသအကျိုး၊ အဖွဲ့အစည်းအကျိုးအတွက် နှစ်ဖက်ပွင့်လင်းမြင်သာစွာ ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ လာရောက်ဆွေးနွေးမှုတွင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မပါဝင်သည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရသော်လည်း နိုင်ငံတော်က အမြဲပင် ဆွေးနွေးနိုင်ရန် ကြိုဆိုနေပါကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်

ဘာသာရေးအသင်းတော်များကို တွေ့ဆုံချိန် ပြောကြားလိုသည်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဒေသအလိုက် ဒေသခံများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တပ်မတော်နှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ ဒေသအတွင်း အမြန်ဆုံးပြန်လည်တည်ငြိမ်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၇ သို့*

> "ပြည်နယ်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလအတွင်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် လွိုင်ကော်မြို့အနီးတစ်ဝိုက်အထိ လုံခြုံရေးအရ ခြိမ်းခြောက်မှုများရှိခဲ့ပြီး တည်ငြိမ်အေးချမ်းမှုမရှိခဲ့သော်လည်း ယခုအခါများစွာ တည်ငြိမ်အေးချမ်းလာသည်ကို တွေ့ရကြောင်း၊ သို့သော် အချို့သောမြို့နှင့် အလှမ်းကွာဝေးသည့် နေရာများတွင် တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးကြောင်း တွေ့ရသော်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း စီမံဆောင်ရွက်နေ"

*စာမျက်နှာ ၆ မှ*

ထို့နောက် တက်ရောက်လာသည့် ဘာသာရေး အသင်းအဖွဲ့များမှ ခေါင်းဆောင်များဖြစ်ကြသည့် ကက်သလစ်သာသနာအသင်းတော်မှ ဖာသာ အောင်ငဲ၊ နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ ဖာသာ အက်ဒွက်စိန်၊ ကယားဖူးနှစ်ခြင်းခရစ်ယာန် အသင်းတော်မှ ဦးသိန်းရယ်၊ အင်္ဂလီကန်အသင်းတော်မှ ဦးထူးထူးဘော၊ ယေဟောဝါ အသင်းတော်မှ ဦးဆီဗက်စတာ၊ သတ္တမနေ့ ဥပုသ်အသင်းတော်မှ ဦးသိန်းထွဋ်ဝင်းနှင့် ကေ့ထိုးဘုံးရိုးရာအဖွဲ့မှ ဦးမီရယ်ဖြင့် တို့က ပြည်နယ်အတွင်း လူမှုရေးဆိုင်ရာလုပ်ငန်း များတွင် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှု အခြေအနေ များကို ရှင်းလင်းပြောကြားပြီး ဆုတောင်းမေတ္တာ စကားများ ပြောကြားသည်။

**ဒေသတည်ငြိမ်အေးချမ်းမှုလိုအပ်**

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယာယီနေရပ် စွန့်ခွာသူများနှင့်ပတ်သက်၍ ဒေသတည်ငြိမ် အေးချမ်းမှု မဖြစ်မနေလိုအပ်ပြီး လက်နက်ကိုင် အဖွဲ့များ၏ အကြမ်းဖက်မှုတွင် ဒေသခံပြည်သူများ သည် ဆင်းရဲဒုက္ခများစွာ ကျရောက်ခဲ့ရကြောင်း၊ တည်ငြိမ်အေးချမ်းရန် ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ပေးရန်လိုကြောင်း၊ အလားတူ ဘာသာ ရေးအဖွဲ့အစည်းများသည် အရေးကြီးသော အခန်း ကဏ္ဍမှ ပါဝင်ကြောင်း၊ တည်ငြိမ်အေးချမ်းသော ဒေသများတွင် ပဋိပက္ခမရှိလျှင် နေရပ်စွန့်ခွာသူများ မရှိကြောင်း၊ သို့ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာ တာဝန် ရှိသူများနှင့် ပူးပေါင်းပေးရန် ပြောကြားလိုကြောင်း။

**ဖြောင့်မတ်မှန်ကန်စွာ လုပ်ကိုင်ရန်လို**

ဘာသာရေးအဖွဲ့အစည်းများ၏ ဘာသာရေး၊ လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ သံသယရှိစရာ အကြောင်းမရှိပါကြောင်း၊ သို့သော် ဖြောင့်မတ်မှန်ကန်စွာ လုပ်ကိုင်ရန်လိုကြောင်း၊ ယေရှု ဘုရားသခင်၏ ကျေးဇူးတော်၊ မေတ္တာတော်နှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို အားပေးကြောင်း၊ မှန်ကန်သော နည်းလမ်းနှင့် အထောက်အပံ့ပေးမှု ရည်ရွယ်ပါကလည်း သက်ဆိုင်ရာမှ ဌာနဆိုင်ရာ များကို အသိပေးလုပ်ဆောင်ရန်လိုကြောင်း၊ အချို့ မသမာသူများက ဘာသာရေးကို အသုံးချ၍ ဥပဒေမဲ့ လုပ်ရပ်များ လုပ်ဆောင်လျက် ရှိနေသဖြင့်လည်း လိုအပ်သလို စိစစ်ရခြင်းဖြစ်ပါကြောင်း။

တပ်မတော်သားများအနေဖြင့် ROE , Geneva Convention တို့ကို သိရှိလိုက်နာ ဆောင်ရွက်ရ ကြောင်း၊ ဘာသာရေး အဆောက်အဦများနှင့် ပတ်သက်ပြီး အလေးထား၍ ထိတွေ့ဆက်ဆံမှုများ ပြုလုပ်လျက်ရှိကြောင်း၊ လက်နက်ကိုင် အကြမ်းဖက် သမားများအနေဖြင့် ဘာသာရေးအဆောက်အဦများ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများကို အသုံးချ ကာ အကာအကွယ်ရယူ တိုက်ခိုက်မှုများပြုလုပ် လျက်ရှိသဖြင့် မိမိကိုယ်ကို ခုခံကာကွယ်မှုအရ တုံ့ပြန်ပစ်ခတ်ရမှုများလည်း ရှိကြောင်း၊ ပြည်သူ၊ ဘာသာရေးအသင်းအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့အနေဖြင့် ပူးပေါင်း၍ လက်နက်ကိုင် အကြမ်းဖက်သမားများ မရှိအောင် ထာဝရတည်ငြိမ် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ငြိမ်းချမ်းခဲ့ချိန် ရရှိခံစားရသည့် အေးချမ်း သာယာသော အနှစ်သာရကို တန်ဖိုးထား၍ ကယား ပြည်နယ်အမြဲအေးချမ်းစေရေး ပူးပေါင်းဆောင်ရွက် ပေးရန်လိုကြောင်း၊ ထို့ကြောင့် ပြည်နယ်အေးချမ်းရန် ကယားပြည်နယ်အတွင်းရှိ ပြည်သူများအားလုံးတွင် တာဝန်ရှိပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင် တို့က တက်ရောက်လာသည့် ဘာသာ ရေး အဖွဲ့ခေါင်းဆောင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်လာသည့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ(၂၀၂၂)၊ ပြည်တွင်းနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း (၂၀၂၂) တွေ့ရှိချက်များ ရှင်းလင်းတင်ပြခြင်းနှင့် ခရီးသွားလုပ်ငန်းသုတေသန စကားဝိုင်းဆွေးနွေးပွဲကျင်းပ




**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဆိုင်ရာ စာရင်းအင်း အချက် အလက်များ (၂၀၂၂)၊ ပြည်တွင်း နှင့် ပြည်ဝင်ခရီးသွားစစ်တမ်း (၂၀၂၂) တွေ့ရှိချက်များ ရှင်းလင်း တင်ပြခြင်းနှင့် ခရီးသွားလုပ်ငန်း သုတေသန စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က ခရီးသွား လုပ်ငန်းဆိုင်ရာ သုတေသနစီမံ ကိန်းမှတစ်ဆင့် ခရီးသွားစာရင်း အင်း အချက်အလက်များကို ဖော်ထုတ် ရရှိခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဆိုင်ရာ စာရင်းအင်း အချက် အလက်များ၊ ပြည်တွင်းနှင့်ပြည်ဝင် ခရီးသွားစစ်တမ်း-၂၀၂၂ ကောက် ယူတွေ့ရှိချက်များကို မိတ်ဆက် ခြင်းဖြစ်ကြောင်း။

ယခုစီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) အထောက် အပံ့ဖြင့် အကောင်အထည်ဖော် ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ၏စာရင်းအင်းအချက်အလက်များ ပိုမိုတိကျ အားကောင်းခိုင်မာလာ စေရန် အထောက်အပံ့ဖြစ်စေ ကြောင်း၊ စီမံကိန်းကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် သုတေ သနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေပြီး ခရီးသွားလုပ်ငန်း ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အချက်အလက် များ၊ ကိန်းဂဏန်းများဖြင့် ဖော် ထုတ်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်း ထုတ်ကုန်အသစ်များ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အစီ အစဉ်များနှင့် မဟာဗျူဟာများ ချမှတ်နိုင်ရန်၊ သတ်မှတ်ဈေးကွက် ရှာဖွေနိုင်ရန် စဉ်ဆက်မပြတ် သုတေသနလုပ်ငန်းများ ဆောင် ရွက်ရန်နှင့် ဝန်ကြီးဌာန၏လုပ်ငန်း တာဝန်များနှင့် နှစ်အလိုက် စီမံချက်များကို ပံ့ပိုးကူညီရန် ရည်ရွယ် ဖော်ဆောင်ခြင်းဖြစ် ကြောင်း။

နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် အမျိုးသားအဆင့် စီမံကိန်း များပါ ပန်းတိုင်များနှင့် ဦးတည် ချက်များကိုအကောင်အထည်ဖော် ရာတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင် သော ညွှန်ကိန်းများ ဖော်ဆောင် နိုင်ရေးအတွက် ယခုစီမံကိန်းမှ ရရှိသော စာရင်းအင်း အချက် အလက်များသည် အထောက်အပံ့ ဖြစ်စေနိုင်ကြောင်း၊ ထို့ပြင်ခရီး သွားလုပ်ငန်း၏ အကျိုးကျေးဇူး၊ နိုင်ငံတော်၏ စီးပွားရေးအပေါ် အထောက်အကူပေးနိုင်မှု၊ အလုပ် အကိုင်ဖန်တီးပေးနိုင်မှု၊ ဆင့်ပွား အကျိုး သက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာမည် ဖြစ်ကြောင်း။

ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင် ရန် မှန်ကန်တိကျသော မူဝါဒများ၊ ပန်းတိုင်များချမှတ် အကောင် အထည် ဖော်နိုင်စေရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေ သနကဏ္ဍ၊ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ပေးကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်း သုတေသနဌာနမှ သုတေသန ပညာရှင် အဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက မြန်မာနိုင်ငံခရီး သွားလုပ်ငန်း အချက်အလက်များ နှင့် စစ်တမ်းကောက်ယူ တွေ့ရှိ ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရီးသွား လုပ်ငန်းသုတေသနလုပ်ငန်းစကား ဝိုင်းဆွေးနွေးပွဲကျင်းပရာ အခမ်း အနားသို့ တက်ရောက်လာကြသူ များက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးကြသည်။

အခမ်းအနားသို့ ညွှန်ကြား ရေးမှူးချုပ်များ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်း ညှိနှိုင်းရေးအဖွဲ့ (မြန်မာ) အတွင်း ရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး နေပြည်တော် ဆက်ဆံရေးရုံးမှ ညွှန်ကြားရေးမှူး Mr. Bai Yun-feng ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဗဟို စာရင်းအင်းအဖွဲ့၊ စာရင်းအင်း ဆိုင်ရာ စံသတ်မှတ်ရေး လုပ်ငန်း အဖွဲ့ဝင်များ၊ စီမံကိန်းမှ မြန်မာ နိုင်ငံသား ကျွမ်းကျင်ပညာရှင် များ၊ နေပြည်တော် ဟိုတယ် ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှင့် ခရီးသွားလုပ်ငန်းရှင်များ အသင်း၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီး သွားလုပ်ငန်း ပညာသင်ကြားနေ သော တက္ကသိုလ်/ ကောလိပ် များမှ ဆရာ ဆရာမများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများ နှင့် ဟိုတယ်များမှ တာဝန်ရှိသူ များက Hybrid စနစ်ဖြင့် ပါဝင် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ အရာထမ်း/အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၅**

နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့မှ အရာထမ်း/အမှုထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နိုင်ငံခြားရေး ဝန်ကြီးဌာန နေပြည်တော်ရှိ ရောဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံခြားရေး ဝန်ကြီးဌာနရှိ အရာထမ်း/အမှုထမ်းများ၏ စွမ်းဆောင်ရည် မြှင့်နိုင်ရေးအတွက်သာမက နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်း အသီးသီးနှင့် ဝန်ကြီးဌာန အသီးသီးမှ အရာထမ်း/အမှုထမ်းများအပါအဝင် ပြင်ပမှ သံတမန်ရေးရာ စိတ်ဝင်စားသူများအတွက် လူ့စွမ်းအား အရင်းအမြစ်နှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရန်၊ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်ဖက်တစ်လမ်းမှ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် ပုံမှန်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် သင်တန်းများကို ပြန်လည် လေ့လာသုံးသပ်ခြင်းနှင့် မျက်မှောက်ကာလနှင့် ကိုက်ညီမှုရှိပြီး ဌာနများတွင် လိုအပ်သော သင်တန်းများကို လက်တွေ့ လုပ်ဆောင်သွားနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ မွမ်းမံဆောင်ရွက်သွားနိုင်ရေး ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံနှင့် ဝန်ကြီးဌာနအတွက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရာထမ်း / အမှုထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများအပြင် မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်ရေး လေ့ကျင့်ပညာပေးခြင်း၊ ယင်းသို့လုပ်ဆောင်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးရန်၊ ပညာရပ်ဆိုင်ရာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရေး ဆောင်ရွက်ပေးရန်နှင့် ဌာနအလိုက် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းသွားကြရန်နှင့် လိုအပ်ချက်များကို ဆန်းစစ်ပြီးစီမံဆောင်ရွက်သွားနိုင်ရေး ပြောကြားသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးများက လိုအပ်သည်များ မှာကြားသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## လျှော်ကြောင်းနှင့်ဘေးအန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၏ ထွက်ပေါ်လာသော အချက်အလက်များသည် ပုဂံယဉ်ကျေးမှု အမွေအနှစ်အတွက် ဘေးအန္တရာယ် စီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲရာတွင် အကူအညီအထောက်အပံ့ဖြစ်စေမည်

ပုဂံ မတ် ၁၅

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သုတေသနလုပ်ငန်းအဖွဲ့တို့ ပူးပေါင်း၍ Training for Seismic Risk Assessment of Some Selected Monuments in Bagan/ Nyaung U Area သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။**

ဖွင့်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သုတေသနလုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ ဒု-ဥက္ကဋ္ဌ ဦးစောထွေးဇော်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ သက်မွန်စမ်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဲက ယခုဆောင်ရွက်နေသည့် Seismic Risk Assessment ဆိုင်ရာ သုတေသနလုပ်ငန်းများ၏ ထွက်ပေါ်လာသော အချက်အလက်များသည် ပုဂံယဉ်ကျေးမှု အမွေအနှစ်အတွက် ဘေးအန္တရာယ် စီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲရာတွင် အကူအညီအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ရရှိလာသည့် အချက်အလက်များကို Data Bank တစ်ခု တည်ထောင်နိုင်ရေးနှင့် ဌာနဝန်ထမ်းများ၏ အရည်အသွေး Capacity Building မြှင့်မားလာစေရေး ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ပါကြောင်း၊ ဌာနမှ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း အထူးစိတ်ပါဝင်စားစွာ ကြိုးစားလေ့လာသင်ယူ၍ မိမိတို့ ဌာနများသို့ ပြန်လည်ရောက်ရှိချိန်တွင် လက်တွေ့အသုံးချဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သုတေသနလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်ကျော်မြတ်က ယခုသင်တန်းတွင် Risk Assessment နှင့် ပတ်သက်၍ ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် Software များ အသုံးပြုပုံတို့ကို ထည့်သွင်းပို့ချသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် Risk Assessment အား အပြီးသတ် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ Assessment ဆောင်ရွက်ပြီးပါက ပြည်တွင်း၊ ပြည်ပ ပညာရှင်များဖြင့် ပြန်လည်၍ Review ပြုလုပ်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

Training for Seismic Risk Assessment of Some Selected Monuments in Bagan/ Nyaung U Area သင်တန်းကို ပုဂံဌာနခွဲတွင် မတ် ၁၇ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သင်တန်းသား ၁၀ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မတ် ၁၅

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့ အကြား နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့ ပူးပေါင်း ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပဲခူး၌ Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၃/ ၂၀၂၃) ဖွင့်လှစ်

**ပဲခူး မတ် ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ကလေးအလုပ်သမားဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Air-Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၃/၂၀၂၃) ကို ယမန်နေ့ နံနက် ၉ နာရီခွဲက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး) ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းက သက်မွေးပညာရပ်သင်တန်းများ သင်ကြားပေးခြင်းသည် အထူးပင်ကောင်းမွန်သည့် အစီအစဉ်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပေးသည့် သင်ခန်းစာများကို ကြိုးစားသင်ယူကြရန်လိုကြောင်း၊ ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် သင်တန်းပြီးစီးပါက သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချပြီး မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချလုပ်ကိုင်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြား သည်။

အဆိုပါ သင်တန်းတွင် ပဲခူးမြို့မှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကို မတ် ၁၄ ရက်မှ ၁၈ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန်တစ်သန်းခန့်သာ ထုတ်လုပ်နိုင် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ပါက ပြည်ပမှဝယ်ယူတင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်





နေပြည်တော် မတ် ၁၅

**သံနှင့် သံမဏိလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်၌ ကျင်းပသည့် South East Asia Iron and Steel Institute Travelling Seminar, 2023 အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ စသည့် အဓိကကျသော အခန်းကဏ္ဍ သုံးရပ်ရှိပြီး မဟာဗျူဟာမြောက် စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်လျှင် သံနှင့်သံမဏိ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးသည် အလွန်အရေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လူတစ်ဦးချင်းစီ၏ သံ၊ သံမဏိသုံးစွဲမှုပမာဏအပေါ် မူတည်၍လည်း တိုင်းတာဖော်ပြလေ့ရှိကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသည် ကမ္ဘာပေါ်တွင်သံမဏိ ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းသည် ၁၆ ရာခိုင်နှုန်း၊ စက်ပစ္စည်းများအတွက် ၁၄ ရာခိုင်နှုန်း၊ သတ္တုထုတ်ကုန်များအတွက် ၁၄ ရာခိုင်နှုန်း၊ မီးဖိုချောင်သုံးပစ္စည်း ပရိဘောဂ၊ လျှပ်စစ်ပစ္စည်းများအတွက် ၆ ရာခိုင်နှုန်း အသုံးပြုနေသည့်အတွက် သံမဏိသည် လူသားတို့ဘဝ ရှင်သန်တိုးတက်ရေးအတွက် အခြေခံအကျဆုံး ပစ္စည်းအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သံမဏိသည် ရာခိုင်နှုန်း ၁၀၀ ပြန်လည်အသုံးပြုရသည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းဖြစ်ကြောင်း၊ သံမဏိသည် တခြားမည်သည့်သတ္တုနှင့်မျှ မတူညီသည့် ထူးခြားဆန်းပြားသော အရည်အသွေးများနှင့် ပြည့်စုံနေသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် သံမဏိလိုအပ်ချက်သည် ဆက်တိုက်မြင့်မားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ် သံမဏိတန်ချိန် သုံးသန်းခန့် အသုံးပြုနေကြောင်း။

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်ပြီး လိုအပ်သော သံမဏိတန်ချိန် နှစ်သန်းခန့်အားပြည်ပမှ တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် သံနှင့် သံမဏိထုတ်လုပ်ရန် သံသတ္တုရိုင်းသိုက်နှင့် ကျောက်မီးသွေးများ အထိုက်အလျောက်ရှိ၍ သယံဇာတများနှင့် ကိုက်ညီသည့် နည်းပညာများကို အသုံးချပြီး သံရိုင်းမှသံမဏိအဖြစ်သို့ လည်းကောင်း၊ သံတိုသံစများမှ အဆင့်မြင့်သံမဏိအဖြစ် လည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ပါက ပြည်ပမှ ဝယ်ယူတင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်၍ နိုင်ငံခြားငွေအသုံးပြုရမှုမှ သက်သာစေမည်ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ပြည်တွင်း၌ သံမဏိထုတ်လုပ်ရာတွင် စံချိန်စံညွှန်းများ ပြည့်မီရန်လိုအပ်သလို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်း(၁၂)ခု ကိုလည်း သတ်မှတ်ရေးဆွဲထုတ်ပြန်ပြီးဖြစ်ကြောင်း၊ သံ၊ သံမဏိနှင့်ပတ်သက်၍ လိုအပ်သည့် စံချိန်စံညွှန်းများကိုလည်း ထပ်မံရေးဆွဲလျက်ရှိကြောင်း၊ သံမဏိထုတ်လုပ်ရာတွင် သံသတ္တုရိုင်းများကို သန့်စင်ကျိုချက်ရာမှ ထွက်ရှိလာသည့် ဓာတ်ငွေ့နှင့် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိခိုက်မှုမရှိအောင် သံမဏိလုပ်ငန်းရှင်များအားလုံးမှ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ သံမဏိလုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှု၏ ၁၅ ရာခိုင်နှုန်းကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် အသုံးပြုလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများ အစဉ်ထာဝရ ရှင်သန်ရပ်တည်နိုင်ရေးနှင့် တိုးတက်ဖြစ်ထွန်းအောင်မြင်စေရေးတို့အတွက် တစ်ဦးကောင်း တစ်ဖွဲ့ကောင်းဆောင်ရွက်ခြင်းမပြုဘဲ အမြော်အမြင်ကြီးစွာဖြင့် မိမိတို့၏ အရင်းအမြစ်အသီးသီးကို စုပေါင်းလျက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ သံနှင့်သံမဏိကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေး နည်းပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်များအားလုံးညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက မြန်မာနိုင်ငံတွင် သံနှင့်သံမဏိကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြင်ဆင် သိမှတ်ပါရန်**

မတ် ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၉ ပါ "မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ" သတင်းဓာတ်ပုံအစား ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၃ ရက်က ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်ဟု ပြင်ဆင်သိမှတ်ပါရန်။

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၅**

ဒေသတွင်းစားရေရိက္ခာ ဖူလုံရေးနှင့်ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံနှင့် မအူပင်မြို့နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ခရီးသွားပြည်သူတွေကို အန္တရာယ်ဖြစ်တာနဲ့ ယာဉ်ကြောကျပ်ပြီး ရှုပ်ထွေးမှုဖြစ်စေပါတယ်။ အတင်းကျော် တက်တဲ့အခါ လမ်းကူးသူတွေကို မမြင်ဘဲ ဝင်တိုက်မိတာတွေ ဖြစ်တတ်ပါတယ်။ အဲ့ဒါကြောင့် ဒီစတစ်ကာကိုကပ်တဲ့အခါမှာ ယာဉ်မောင်းရဲ့ မျက်စိရှေ့အပေါ် ဘက်လေကာနားမှာ ကပ်ပေးတာပါ။ YRTC ရဲ့ ပြဋ္ဌာန်းထားတဲ့ စည်းကမ်း ၁၃၈ ချက်ထဲကအတိုင်း တစ်ခါကျော်တက်ရင် ကျပ်တစ်သောင်းဒဏ်တပ်ပါတယ်"ဟု YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

YBS ယာဉ်များ ကျော်တက်မောင်းနှင်ခြင်း ပြု မပြုကို သိရှိနိုင်ရန်လည်း မီးပွိုင့်များနှင့် လမ်းမီးတိုင်များတွင် စောင့်ကြည့်ဖမ်းဆီးနိုင်သည့် Telematic System များ တပ်ဆင်ထားပြီး YTO Control Center မှလည်း စောင့်ကြည့်ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။ အဆိုပါကမ်ပိန်းကို YBS ယာဉ်အစီးရေ ၅၀၀၀ ကျော် တပ်ဆင်သွားမည်ဖြစ်ပြီး ဘတ်စ်မှတ်တိုင်များရှိ မျဉ်းဝါကွက်များအတွင်း အခြားယာဉ်ငယ်များနှင့် YBS ယာဉ် မဟုတ်သည့်ယာဉ်များ ဝင်ရောက်ရပ်တန့်သည်ကို စောင့်ကြည့်ဖယ်ရှားသည့်အဖွဲ့များနှင့်YRTC၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်နေကြောင်း သိရသည်။

**သတင်း-အာကာလင်း၊ ဓာတ်ပုံ-နိုင်လင်းအောင်**

● *ကျောဖုံးမှ*

မန်တီးအသင်းက ခုနစ်ဂိုးပြတ် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲကြည့်ပရိသတ် ၅၂၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သော အဆိုပါ ပွဲစဉ်တွင် အသင်းမှ အဓိကတိုက်စစ်ကစားသမား ဟာလန်းခြေစွမ်းပြကာ တစ်ဦးတည်း ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ဟာလန်းသည် ၂၀၁၄ ခုနှစ်တွင် လူးဝစ်အက်ဒရီယာနို၊ ၂၀၁၂ ခုနှစ်တွင် မက်ဆီတို့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ တစ်ရာသီအတွင်း ငါးဂိုး သွင်းယူနိုင်သည့် တတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။

ပြိုင်ဘက် လိုက်ပ်ဇစ်အသင်းသည် ပထမအကျော့တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျအောင် ကစားထားနိုင်သော်လည်း ယခုဒုတိယအကျော့တွင် မန်စီးတီးအသင်းကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ ခုနစ်ဂိုးပြတ်ဖြင့် အရှက်တကွဲ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အခြားသော ပွဲစဉ်တွင် ပေါ်တိုနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမရှိ သရေကျခဲ့သည်။ သို့သော်လည်း နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် အင်တာမီလန်အသင်း နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ ယခုပွဲစဉ်တွင် ပေါ်တိုအသင်းသည် အိမ်ရှင်အသင်းပီပီ ပြိုင်ဘက်ကို ဂိုးကန်သွင်းခွင့်အသာ၊ ခြေအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းမရှိသည့်အတွက် သရေကျခဲ့ခြင်း ဖြစ်သည်။ ပွဲချိန်ပြည့်ခါနီးတွင် ပေါ်တိုအသင်းမှ ခံစစ်ကစားသမားပီပီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

**အောင်ဇော်**

# ချဲ့ကားပြောကြား ဝါဒဖြန့်မှုများ

ဗစ်တာ (ကေတုမတီ)

**မြန်မာနိုင်ငံတွင် အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ တည်ငြိမ်ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူများကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိနေရသည်။**

ထိုကဲ့သို့ဝါဒဖြန့်မှုများသည် အကြမ်းဖက်မှုကို အားပေးရာရောက်ကြောင်း အချို့ပြည်သူများက မသိနားမလည်သည့်အတွက် ထပ်ဆင့်ဖြန့်ဝေမှုများကိုလည်း တွေ့မြင်ရပါသည်။ ဥပဒေဆိုသည်မှာ မသိနားမလည်ဟုဆိုကာ ခွင့်လွှတ်ပေးမည့် အရာမဟုတ်သည်ကို ကျွန်ုပ်တို့ပြည်သူများ သိရှိထားရန်လိုပါသည်။ ထိုသို့ဖြန့်ဝေမှုများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကိုပါ သိမ်းဆည်းခံရနိုင်ပါကြောင်း ဦးစွာသိရှိထားရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ယုံကြည်ရာကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရှိသည်ဟု ဆိုသော်ငြားအများသူငါထိခိုက်နစ်နာစေခြင်း မရှိရန်လိုကြောင်း သဘောပေါက်ထားရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပြည်ပနိုင်ငံကြီးများက မြန်မာနိုင်ငံတွင်းဖြစ်ပွားလျက်ရှိသည့် အခြေအနေများအပေါ် အမှန်အမှားရောပြွမ်းဖော်ပြလာမှုများ တွေ့မြင်နေရပြီး ၎င်းဖော်ပြမှုများအပေါ် အကျင့်ပျက် မီဒီယာအချို့က ဝမ်းသာအားရ ပုံကြီးချဲ့ဖော်ပြလာမှုများလည်း တွေ့မြင်နေရသည်။ နိုင်ငံများအနေဖြင့် ၎င်းတို့ နိုင်ငံသားများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် အသိပေးချက်များထုတ်ပြန်သည်မှာ ပုံမှန်လုပ်ရိုးလုပ်စဉ်များပင်ဖြစ်ပါသည်။ မကြာသေးမီရက်ပိုင်းကပင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည့် မြန်မာနိုင်ငံသို့ ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက်တွင် မြန်မာနိုင်ငံတွင်း ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများ၏ အခြေအနေနှင့်ပတ်သက်၍ သွားလာရန်မသင့်သော နေရာဒေသများအဖြစ် ဖော်ပြမှုများ ပြုလုပ်ခဲ့သည်ကို တွေ့မြင်ရသည်။ ထိုသို့ဖော်ပြမှုများသည် ၎င်းတို့ နိုင်ငံသားများအတွက် အကြံပြုချက်မျှသာဖြစ်သော်လည်း မြန်မာနိုင်ငံ၏အခြေအနေအပေါ် ချဲ့ကားပြောဆိုမှုများပါရှိကြောင်း တွေ့မြင်ရသည်။

ယင်းသို့ဖော်ပြမှုကို စည်းဝါးကိုက်ထားသည့်အလား အချို့သောပြည်တွင်း မီဒီယာများက အားရဝမ်းသာစွာဖြင့် မြန်မာပြည်သူများအကြား အကြောက်တရား ကြီးထွားလာစေရန်နှင့် အစိုးရယန္တရားမတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်မှုများ လုပ်ဆောင်နေကြောင်း တွေ့မြင်လာရသည်။ ယင်းမှာ အကြမ်းဖက် အားပေးသော ဖြန့်ဝေမှုမျှသာ ဖြစ်သည်။ ထိုသို့သော ရည်ရွယ်ချက်ပါရှိသည့် ဝါဒဖြန့်ချိမှုများသည် ပြည်တွင်း၌ အလုပ်ကိစ္စဖြင့် သွားလာနေကြရသည့် ပြည်သူများအတွက် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ မကြာမီကာလတွင်လည်း သင်္ကြန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်များ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ပြည်တွင်းနေရပ်ပြန်ခြင်းများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေသူများအနေဖြင့်လည်း မိခင်နိုင်ငံထံ ပြန်လည်ဝင်ရောက်လာမှုများ ရှိလာတော့မည်ဖြစ်ရာ ထိုသို့သောဝါဒဖြန့်မှုများက ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာစေနိုင်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန် ရည်ရွယ်သော လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများအား လူမှုကွန်ရက်များမှတစ်ဆင့် လုပ်ဆောင်နေသူများကို နိုင်ငံတော်အစိုးရက အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေသလို သတင်းထုတ်ပြန် အသိပေးမှုများလည်း ပုံမှန်ပြုလုပ်လျက်ရှိသည်။ နိုင်ငံတွင်း ဖြစ်ပွားနေသော CRPH၊ NUG နှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍လည်း အစိုးရအနေဖြင့် ထိရောက်စွာနှိမ်နင်းလျက်ရှိရာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းရာတွင် ပြည်သူများအနေဖြင့်လည်း နောင်လာနောင်သားများအတွက် ရေးရှု၍ ယခင်ကထက် ပိုမိုပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

**‘မကြာမီကာလတွင်လည်း သင်္ကြန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်များ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ပြည်တွင်းနေရပ်ပြန်ခြင်းများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေသူများအနေဖြင့်လည်း မိခင်နိုင်ငံထံ ပြန်လည်ဝင်ရောက်လာမှုများ ရှိလာတော့မည်ဖြစ်ရာ ထိုသို့သောဝါဒဖြန့်မှုများက ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာစေနိုင်သည်’**






## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၁၅**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အလှူရှင်ဖြစ်သော ကောင်းကင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးရဲရင့်အောင်နှင့် မိသားစုက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ မုခ်ဦး (အကြီး)တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၂၈၆၅ သိန်းနှင့် မုခ်ဦး(အသေး) တည်ဆောက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၂၂၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ (ဝဲပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီပေါ၌ အခြေခံကွန်ပျူတာနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

**သီပေါ မတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း ကျောင်းသား ကျောင်းသူများ အချိန်ကို တန်ဖိုးရှိစွာအသုံးချနိုင်ရေးအတွက် အခြေခံကွန်ပျူတာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နီလာစိုးက နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရေးနှင့် ဖွင့်လှစ်သင်ကြားပေးသော ပညာရပ်များကို မိမိအတွက်အကျိုးရှိစွာကြိုးစားလေ့လာသင်ယူကြရန်နှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်လှစ်ရာတွင် မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအထိ အခြေခံကွန်ပျူတာသင်တန်းကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ အခြေခံအင်္ဂလိပ်စာ သင်တန်းကိုလည်းကောင်း သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ယနေ့မှစ၍ ဧပြီ ၇ ရက်အထိဖြစ်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကာ အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ စာစစ်ဌာနများသို့ သွားရောက်၍ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ သိပ္ပံဘာသာတွဲ ဇီဝဗေဒဘာသာရပ်နှင့် ဝိဇ္ဇာဘာသာတွဲ ဘောဂဗေဒဘာသာရပ် စာမေးပွဲဖြေဆိုနေမှုများ လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၊ အလယ်စုရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) စာစစ်ဌာန၊ ရွာဟောင်းရပ်ကွက် အခြေခံပညာမူလတန်း လွန်ကျောင်း စာစစ်ဌာနနှင့် စံပြရပ်ကွက် အခြေခံ ပညာမူလတန်းလွန်ကျောင်း စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တို့သည် စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၊ လိုက်ပါပို့ဆောင် ပေးကြသည့် ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖ များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ကျောင်းသား ကျောင်းသူများ၏ သိပ္ပံဘာသာတွဲ ဇီဝဗေဒဘာသာရပ်နှင့် ဝိဇ္ဇာဘာသာတွဲ ဘောဂဗေဒ ဘာသာရပ် အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။




ထိုသို့ အားပေးကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး က စာမေးပွဲကြီးကြပ်ရေးမှူးများနှင့် တာဝန်ကျဆရာ ဆရာမများအနေဖြင့် မိမိတို့ကျရာတာဝန် အခန်း ကဏ္ဍအလိုက် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက် ကြရန်နှင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲ ဖြေဆိုစဉ်အတွင်း စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေး အတွက် အလေးထားဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် စာသင်ကျောင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ ကျောင်း၏ ဥပဓိရုပ်ကောင်းမွန် စေရေးအတွက် စာသင်ဆောင် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ လိုအပ်သည့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို လာမည့်ကျောင်းဖွင့်ချိန်မတိုင်မီ ဆောင်ရွက်ထား ကြရန်မှာကြားပြီး အဆိုပါကျောင်းများရှိ စာသင် ဆောင်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး ကာ လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ရခိုင်ပြည်နယ်တွင် ခရိုင် ခုနစ်ခု၊ မြို့နယ် ၁၇ မြို့နယ်ရှိ စာစစ်ဌာနများတွင် ဆဋ္ဌမနေ့ သိပ္ပံ ဘာသာတွဲ ဇီဝဗေဒဘာသာရပ်အား စာမေးပွဲဖြေဆို ရန် ၂၂၁၄ ဦး စာရင်းပေးသွင်းကြပြီး ၁၈၉၁ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၄၁ ရာခိုင်နှုန်း ဖြစ်၍ ဝိဇ္ဇာဘာသာတွဲ ဘောဂဗေဒ ဘာသာရပ်အား စာမေးပွဲဖြေဆိုရန် ၁၆၆၇၁ ဦး စာရင်းပေးသွင်းကြပြီး ၁၄၅၆၀ ဦး ဝင်ရောက်ဖြေဆို ကြရာ ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၃၄ ရာခိုင်နှုန်း ဖြစ်သည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့အဖြစ် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်များ ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၅**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဆဋ္ဌမနေ့အဖြစ် ဇီဝဗေဒဘာသာရပ် နှင့် ဘောဂဗေဒဘာသာရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူ များ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်း များနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများ နှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်း အတွင်းနှင့်အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာ ရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ် ရေး အဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ဆဋ္ဌမနေ့အဖြစ် ဇီဝဗေဒဘာသာရပ်အတွက် နိုင်ငံခြား စာစစ်ဌာန ၃ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၅၆ ခု စာစစ်ဌာန စုစုပေါင်း ၇၅၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၇၄၃၆ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၃၇၇၂ ဦး ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၂ ဒသမ ၂၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ဘောဂ ဗေဒဘာသာရပ်အတွက် နိုင်ငံခြားစာစစ်ဌာန သုံးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၆ ခု စာစစ်ဌာန စုစုပေါင်း ၈၅၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၁၃၁၆၁၄ ဦးရှိပြီး လာရောက် ဖြေဆိုသူ စုစုပေါင်း ၁၁၇၀၀၁ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၈ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်းပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ - ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၅**

မြန်မာ့တပ်မတော် အနေဖြင့် ပြည်ပနိုင်ငံများ၏တပ်မတော်များ နှင့် ဆက်ဆံရေးပိုမိုတိုးတက် ခိုင်မာအားကောင်းစေရန် အပြန် အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပ ခြင်းနှင့် နိုင်ငံတကာ တပ်မတော် အားကစား ပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာ့တပ်မတော်နှင့် ရုရှား တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ အားကောင်းလာစေရန် ရည်ရွယ် ၍ ကျင်းပသည့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ ရေကူး ပြိုင်ပွဲ (Myanmar-Russia Cadets Swimming Competition) ဖွင့်ပွဲကို မတ် ၁၄ ရက်တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အဆင့်မြင့် စာပေဗဟိုဌာန ရေကူးကန်၌ ကျင်းပရာ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် ကိုလေး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး နှင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ Colonel Dmitry Vladimirovich ZHUCHKOV၊ ပြင်ဦးလွင်တပ်နယ် မှ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အသင်းအုပ်ချုပ်သူ များနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ တက်ရောက်ကြသည်။



ဖွင့်ပွဲ အခမ်းအနားတွင် နှစ်နိုင်ငံအလံတင်အခမ်းအနားကို ဦးစွာကျင်းပ၍ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့် အမှာစကားပြောကြားပြီး နှစ်နိုင်ငံ ဗိုလ်လောင်းများ၏ ယှဉ်ပြိုင် ကစားမှုများကို အခမ်းအနား တက်ရောက် လာကြသူများနှင့် အတူ ကြည့်ရှုအားပေးသည်။ ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဆုများရရှိခဲ့ကြသည့် ဗိုလ်လောင်း များကို သက်ဆိုင်ရာ တပ်မတော် အရာရှိကြီးများက ဆုများပေးအပ် ချီးမြှင့်ကြပြီး ပြိုင်ပွဲပထမနေ့ အစီအစဉ်များကို ရုပ်သိမ်းလိုက် သည်။

ယနေ့နံနက်ပိုင်းတွင် ရေကူး ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အခမ်းအနားတက်ရောက်လာကြ သူများက နှစ်နိုင်ငံဗိုလ်လောင်း များ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာဦးစွာဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲ အသီးသီးတွင် ဆုရရှိခဲ့ကြသည့် နှစ်နိုင်ငံမှ ဗိုလ်လောင်းများကို စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး (ဓာတ်ပုံ) မှတ်တမ်းတင် စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို မြန်မာ့တပ်မတော် ဗိုလ်လောင်း များအနေဖြင့် နိုင်ငံတကာ နှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင် ရေး ရည်ရွယ်ကျင်းပခြင်းဖြစ် ပြီး ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဗိုလ်လောင်း ၁၂ ဦးနှင့် ရုရှားနိုင်ငံမှ ဗိုလ်လောင်း ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ ကြပြီး ပြိုင်ပွဲတွင် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့် ကမ်းအလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့် ကမ်းလေးမျိုးကူးပြိုင်ပွဲ စသည့် ပြိုင်ပွဲများပါဝင်ပြီး ပြိုင်ပွဲကို မတ် ၁၄ ရက်မှ ယနေ့အထိ ကျင်းပခဲ့ ခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

**မေး။** ။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၆-၁-၂၀၂၃ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ ဥပဒေမှာ ပါတီများမှတ်ပုံတင်ခြင်းဟာ ရက်ပေါင်း ၆၀ လို့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ၂၆-၃-၂၀၂၃ ရက်နေ့မှာ ရက်ပေါင်း ၆၀ ရက်ပြည့်မှာဖြစ်ပါတယ်။ သတ်မှတ်ရက်ပြည့်ပြီးနောက်ပိုင်းမှာ မှတ်ပုံတင်လို့ ရ/ မရ သိလိုပါတယ်ခင်ဗျ။




**ဖြေ။** ။ ဒီကိစ္စနှင့် ပတ်သက်ပြီး မီဒီယာတော်တော်များများလည်း မေးကြတာကို တွေ့ရပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေမှာ ဥပဒေပုဒ်မ ၂၅ မှာလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နိုင်ငံရေးပါတီအဖြစ် တည်ရှိနေတဲ့ ပါတီများဟာ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုရင် ဒီဥပဒေပြဋ္ဌာန်းချက်မှာပါတဲ့အတိုင်း ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်ဆိုပြီး ပါရှိပါတယ်။ နည်းဥပဒေအပိုဒ် ၈ မှာလည်း ပါရှိပြီးဖြစ်ပါတယ်။ ရက်ပေါင်း ၆၀ အတွင်းမှာပဲ မှတ်ပုံတင်ကြေးထပ်မံ ပေးသွင်းခြင်းမှအပ ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအတိုင်း ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ လျှောက်ထားခွင့်ရှိပြီး လျှောက်ထားခြင်း မရှိတဲ့ နိုင်ငံရေးပါတီတွေက အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်လို့ပါပြီး ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မတ်လ ၂၆ ရက်နေ့မှာ ရက်ပေါင်း ၆၀ ပြည့်မှာ ဖြစ်ပါတယ်။ သို့သော် ၂၅၊ ၂၆၊ ၂၇ ရက်နေ့တွေက ရုံးပိတ်ရက်တွေ ဖြစ်ပါတယ်။ နည်းဥပဒေ ပုဒ်မ ၂၉ မှာက နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်ထားသောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်ဖြစ်ရင် ရုံးပြန်ဖွင့်သည့်နေ့တွင် အဲဒီကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောင်ရွက်ခွင့်ရှိတယ်။ ဆက်လက်တည်ထောင်လိုတဲ့ နိုင်ငံရေးပါတီတွေက ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်ကို ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားမယ်ဆိုရင် ၂၈ ရက်နေ့ နောက်ဆုံးဖြစ်ပါမယ်။ ဒါက ဥပဒေအရပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ ပါတီကြီးငယ်မဟူ မည်သည့်ပါတီမဆိုပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပအိုဝ်းသံဃာတော်များနှင့် လူမျိုးများအား လူမဆန်စွာသတ်ဖြတ်မှုအပေါ် ပြင်းထန်စွာဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နမ့်နိမ်ကျေးရွာအတွင်းသို့ မတ် ၁၁ ရက်တွင် KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ ပစ်ခတ်တိုက်ခိုက်မှုကြောင့် နမ့်နိမ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော် သုံးပါး ပျံလွန်တော်မူခဲ့ပြီး



အပြစ်မဲ့ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်းထန်စွာဆန့်ကျင်ရှုတ်ချကြောင်းကို ယနေ့တွင် ရဟန်းသံဃာတော်များနှင့် အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူများက တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ကွင်း၌ စုပေါင်း၍ ဆန္ဒဖော်ထုတ်ကြသည်။ ဆန္ဒဖော်ထုတ်ရာတွင် ပအိုဝ်းဒေသအတွင်း ကျူးကျော်စစ်တလင်း ဖန်တီးမှု အလိုမရှိ၊ အပြစ်မဲ့ ပအိုဝ်းသံဃာတော်များနှင့် ပအိုဝ်းလူမျိုးများအားသတ်ဖြတ်မှု အလိုမရှိ၊ သတင်းမှန်ဖုံးကွယ် ရေးသားဖော်ပြသော မီဒီယာများ အလိုမရှိ၊ ပအိုဝ်းပြည်သူလူထုပိုင်ပစ္စည်းဥစ္စာများအား အတင်းအဓမ္မခိုးယူနေသော အကြမ်းဖက်သမားများ အလိုမရှိ၊ သာသနာ့အဆောက်အဦများ၊ ပြည်သူလူထုနေအိမ်များအား မီးရှို့ဖျက်ဆီးမှုများ အလိုမရှိ၊ ကျေးရွာနှင့် လူနေအိမ်များ၊ ဒေသခံများကို လူသားဒိုင်းကာအဖြစ် အသုံးပြုမှုများ အလိုမရှိ၊ KNDF နှင့် အကြမ်းဖက် PDF အပေါင်းအပါများ ပအိုဝ်းဒေသအတွင်းမှ အမြန်ဆုံးဆုတ်ခွာရေး ဒို့အရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပအိုဝ်းဒေသတည်ငြိမ်အေးချမ်းရေး ဒို့အရေး စသည့် ကြွေးကြော်သံများ ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ကားအပိုပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အင်းစိန်ခရိုင်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က သတင်းအရ ဘုရင့်နောင်လမ်းမကြီး ဘုရင့်နောင်ငါးလုပ်ငန်းဦးစီးဌာနအနီးတွင် ပေ ၂၀ ကုန်သေတ္တာတင်ထားသော မော်တော်ယာဉ်ငါးစီးကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင်လိုအပ်သော ပစ္စည်းဖြစ်ပြီး တရားမဝင် တင်သွင်းခဲ့သော ကုန်ပစ္စည်းဖြစ်သည့် သွပ်နန်းကြိုးခွေ ၁၁၂၉၈၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၂၁၇၇၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် နောင်နွန်းပူးပေါင်း စစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မှ ကျိုင်းတုံသို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော TRUST Dashboard Cover (Revo) ၁၂ ခု အပါအဝင် ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၈၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော NISSAN VANETTE Pickup တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ Valid for Prior Arrival(VPA) ၆၁ ရက်ကျော်လွန်သည့် ပစ္စည်းများဖြစ်သော SJEC Elevator သုံးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၀ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၇၂၃၇၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# ဂျပန်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယားသမ္မတတို့ တိုကျို၌ ထိပ်သီးအစည်းအဝေးတစ်ခုပြုလုပ်ရန် စီစဉ်ထား

**တိုကျို မတ် ၁၅**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်တို့ မတ် ၁၆ ရက်တွင် တိုကျို၌ ထိပ်သီးအစည်းအဝေးတစ်ခု ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ၏ ဂျပန်နိုင်ငံသို့ ခရီးစဉ်သည် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ အစည်းအဝေးပွဲများ တက်ရောက်ခြင်းကို ချန်လှပ်မည်ဆိုပါက အဆိုပါတွေ့ဆုံမှုမှာ ၁၂ နှစ်အတွင်း ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ် တွေ့ဆုံမှုလည်း ဖြစ်လာမည် ဖြစ်သည်။

နှစ်အတန်ကြာ နှစ်နိုင်ငံကြားဆက်ဆံရေးကို ထိခိုက်စေခဲ့သော စစ်အတွင်းအလုပ်သမားပြဿနာ ဖြေရှင်းရန် အစီအစဉ်တစ်ရပ်ကို တောင်ကိုရီးယားဘက်က ကြေညာလိုက်ပြီးနောက် အဆိုပါတွေ့ဆုံဆွေးနွေးမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ဂျပန်အစိုးရ တာဝန်ရှိသူအချို့က မေလတွင် ဟီရိုရှီးမားမြို့၌ ကျင်းပမည့် ဂျီ - ၇ ထိပ်သီးအစည်းအဝေးသို့ တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်ကို ဖိတ်ကြားသင့်ကြောင်း အဆိုပြုထားပြီး သဘောတူညီမှုရရှိရန် လက်ရှိတွင် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲ၌ ကီရှီဒါသည် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရေး ရည်ရွယ်ကာ တောင်ကိုရီးယား သမ္မတနှင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




## တောင်ကိုရီးယား၌ အရပ်ဘက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျ၍ နှစ်ဦး သေဆုံး

**ဆိုးလ် မတ် ၁၅**

တောင်ကိုရီးယားနိုင်ငံ အရှေ့ပိုင်း၌ မတ် ၁၅ ရက်က အရပ်ဘက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ပြီး နှစ်ဦး သေဆုံးကြောင်း ယွန်ဟက်သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ အရပ်ဘက် ရဟတ်ယာဉ်မှာ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၆ မိနစ်ခန့်တွင် ဆိုးလ်မြို့၏ အရှေ့ဘက် ၁၄၀ ကီလိုမီတာခန့်အကွာ ယောင်ယိုးလ်မြို့ အရှေ့ဘက် တောင်စောင်းပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပေါ်ပါ နှစ်ဦးမှာ အသက် ၆၅ နှစ်အရွယ် လေယာဉ်မှူးတစ်ဦးနှင့် ကုန်စည်ပို့ဆောင်ရေး ကုမ္ပဏီမှ အသက် ၅၁ နှစ်အရွယ် တာဝန်ရှိသူတစ်ဦးတို့ဖြစ်ကာ နှလုံးရပ်တန့်ပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း သေဆုံးကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်မှာ သံမဏိမျှော်စင် ဆောက်လုပ်ရန်အတွက် လျှပ်စစ်ဝိုင်ယာများ ပို့ဆောင်သော ရဟတ်ယာဉ်ဖြစ်ကြောင်းနှင့် ရဟတ်ယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို သိရှိရန် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## မာလာဝီနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဖရက်ဒီကြောင့် သေဆုံးသူပေါင်း ၂၂၅ ဦးအထိ မြင့်တက်လာ

**ဘလန်တိုင်ယာ မတ် ၁၅**

မာလာဝီနိုင်ငံ တောင်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း ဖရက်ဒီကြောင့် သေဆုံးသူပေါင်းမှာ မတ် ၁၅ ရက်တွင် ၂၂၅ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနဆိုင်ရာ ကော်မရှင်နာချားလိစ် ကာလမ်ဘာက ဘေးအန္တရာယ်နှင့် ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိသူ ၇၀၇ ဦး ရှိပြီး ၄၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မတ် ၁၅ ရက်က ပြောသည်။

ဆိုင်ကလုန်း မုန်တိုင်းဒဏ်ခံရသော ဒေသများတွင် မာလာဝီနိုင်ငံ တောင်ပိုင်းရှိ ခရိုင်နှင့် မြို့ ၁၂ ခု ပါဝင်သည်ဟု ဆိုသည်။ နောက်ဆုံးထုတ်ပြန်ချက်အရ ဆိုင်ကလုန်းမုန်တိုင်း ဖရက်ဒီကြောင့် အိမ်ထောင်စု ၁၉၆၇၆ စု နီးပါး (လူပေါင်း ၈၈၃၁၂ ခန့်) အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး ၎င်းတို့နေထိုင်နိုင်ရန်အတွက် ကယ်ဆယ်ရေးစခန်း ၁၆၅ ခုထားရှိထားကြောင်း သိရသည်။

မာလာဝီကာကွယ်ရေးတပ်ဖွဲ့၊ မာလာဝီရဲတပ်ဖွဲ့၊ ရေကြောင်းဦးစီးဌာန၊ မာလာဝီကြက်ခြေနီအသင်းနှင့် လူမှုအဖွဲ့အစည်းများက ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများမှာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ မာလာဝီသမ္မတ လာဇရပ်ချက်ခ်ဝီရာသည် အခြေအနေများကို ချင့်ချိန်အကဲဖြတ်ရန် မုန်တိုင်းဒဏ်သင့်ဒေသများနှင့် လူမှုအသိုင်းအဝိုင်းများထံသို့ သွားရောက်ရန် စီစဉ်ထားသည်။

မာလာဝီ မိုးလေဝသဌာနက ဒေသအလိုက် မိုးရွာသွန်းခြင်းနှင့် မိုးသက်မုန်တိုင်းများ ဆက်လက်တည်ရှိနေသေးကြောင်း ပြောသည်။ **ဆင်ဟွာ**



ဆိုင်ကလုန်းမုန်တိုင်း ဖရက်ဒီ တိုက်ခတ်ပြီးနောက် လျှပ်စစ်ဓာတ်အားတိုင်များ လမ်းပေါ်သို့ လဲကျနေစဉ်။

## မက်တာကုမ္ပဏီမှ ဒုတိယအကြိမ် ဝန်ထမ်းအင်အားလျှော့ချမှုအဖြစ် အလုပ်နေရာပေါင်း ၁၀၀၀၀ ကို ထပ်မံလျှော့ချသွားမည်

**နယူးယောက် မတ် ၁၅**

ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်မီဒီယာကို ကိုင်တွယ်နေသည့် မက်တာကုမ္ပဏီသည် ဒုတိယအကြိမ် ဝန်ထမ်းအင်အားလျှော့ချမှုအဖြစ် ဝန်ထမ်းပေါင်း ၁၀၀၀၀ ကို ဝန်ထမ်းအင်အားမှ လျှော့ချသွားမည်ဟု မက်တာကုမ္ပဏီက ကြေညာခဲ့သည်။ အဆိုပါ အစီအစဉ်ကို မက်တာကုမ္ပဏီ၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် မတ် ၁၄ ရက်တွင် ကြေညာခဲ့သည်။

ခက်ခဲသည့်အခြေအနေတွင် ရပ်တည်နေသည့် ကုမ္ပဏီ၏ ဘဏ္ဍာရေးကို တိုးတက်စေရန်နှင့် ရေရှည်တွင် တိုးတက်မှု ဖြစ်စေရန်အတွက် ရည်မှန်းထားကြောင်း ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ မက်ဇူကာဘတ် က ပြောသည်။ လာမည့်လအနည်းငယ်အတွင်း ဝန်ထမ်းအင်အား လျှော့ချဖြတ်တောက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဇူကာဘတ်ကပြောသည်။ ဝန်ထမ်းသစ်စုဆောင်းရေးအဖွဲ့များသည်လည်း ၎င်းတို့အပေါ် သက်ရောက်မှု ရှိ မရှိ မကြာမီသိရှိလာရမည်ဖြစ်သည်။

ဧပြီလနှောင်းပိုင်းတွင် ကုမ္ပဏီကို ပြန်လည်ဖွဲ့စည်းသွားမည်ဟု သိရသည်။ ယင်းကဲ့သို့လုပ်ဆောင်မှုကြောင့် နိုဝင်ဘာလအရောက်တွင် အလုပ်နေရာပေါင်း ၁၁၀၀၀ ကျော်ကို လျှော့ချသွားမည်ဖြစ်သည်။ ကာလတိုအတွင်း ဒုတိယအကြိမ် ဝန်ထမ်းအင်အား လျှော့ချရန် ကြေညာမှုမှာ နည်းပညာကုမ္ပဏီကြီးအနေဖြင့် ပုံမှန်လုပ်ထုံးလုပ်နည်းမဟုတ်ပေ။ အခြားသော အမေရိကန်ကော်ပိုရေးရှင်းကြီးများသည်လည်း စီးပွားရေးနှေးကွေးလာမှု စိုးရိမ်မှုများအောက်တွင် ဝန်ထမ်းစရိတ်ကို ထိန်းချုပ်ရန် ကြိုးပမ်းလာကြသည်။ ယင်းသို့ပြုလုပ်သည့်အထဲတွင် အမေဇုံ၊ ဂူဂဲ၊ ဝေါ့ဒစ္စနေးလ်တို့လည်း အပါအဝင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



## ဖင်လန်၌ ကမ္ဘာ့အကြီးဆုံးနျူကလီးယားဓာတ်ပေါင်းဖို လည်ပတ်တော့မည်

**ဟယ်ဆင်ကီ မတ် ၁၅**

ဖင်လန်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး နျူကလီးယား ဓာတ်ပေါင်းဖိုကြီးတစ်ခုကို ဧပြီလတွင် စတင်လည်ပတ်တော့မည် ဖြစ်သည်။ ယခုလို နျူကလီးယားဓာတ်ပေါင်းဖိုလည်ပတ်ခြင်းသည် ဥရောပ၌ ၁၅ နှစ်အတွင်း ပထမဆုံးလည်ပတ်ခြင်းဖြစ်သည်။

နျူကလီးယား ဓာတ်ပေါင်းဖိုတာဝန်ခံက ဖင်လန်နိုင်ငံ အနောက်တောင်ပိုင်းရှိ အမှတ်-၃ အော်ကီလူအိုတို နျူကလီးယား စက်ရုံရှိ မီဒီယာများကို မတ် ၁၄ ရက်က ပြောခဲ့သည်။

ယခုနျူကလီးယား ဓာတ်ပေါင်းဖိုသည် ပုံစံအသစ်တစ်မျိုးဖြစ်ကာ ပြင်သစ်နှင့် အခြားကုမ္ပဏီများက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါနျူကလီးယား ဓာတ်ပေါင်းဖိုသည် လျှပ်စစ်ဓာတ်အား ၁၆၀၀ မဂ္ဂါဝပ်ကို အများဆုံး ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

နိုင်ငံအတွင်း လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ၁၄ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ နောက်ဆုံးပေါ် ဘေးအန္တရာယ်ကင်းရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ စက်ရုံကို ၂၀၀၅ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ သို့သော်လည်း အဓိကအစိတ်အပိုင်းများနှင့် ပတ်သက်ပြီး ပြဿနာအနည်းငယ် ကျန်သေးသည်ဟုဆိုသည်။ စက်ရုံကုန်ကျစရိတ်မှာ ယူရို ၁၁ ဘီလီယံကျော် ကုန်ကျမည်ဟု ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

**(၁၅–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၁၃,၃၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄–၃–၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၇၂,၃၁၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၃,၈၁၈) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၄–၃–၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၇၂,၃၁၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၃,၈၁၈ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆–၃–၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၅ | ၂၂၈၀ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၂၈၁၀ |
| 95 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၃၂၃၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၃၂၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၁ | ၂၁၁၅ |
| 95 Ron | ၂၁၂၄ | ၂၂၀၀ |
| HSD (500 ppm) | ၂၀၃၁ | ၂၁၀၁ |
| HSD (50 ppm) | ၂၁၀၅ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၅ | ၂၁၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရန့်မသင်းပေမယ့် အဆင်းလှတဲ့ ချင်းတို့ဌာနေ တောင်ဇလပ်မြေ (၂)

မြင့်စိုး(နတလ)



ချင်းတိုင်းရင်းသား တိုင်းရင်းသူများကို တွေ့ရစဉ်။

**ပွဲတော်သီချင်းလေးတစ်ပုဒ်**

လာဖို့ လာဖို့ ဖိတ်ခေါ် x x x ငါတို့ ငါတို့ ပွဲတော်
လာကြ လာကြ နွှဲပျော် x x x ငါတို့အမျိုးရဲ့ ပွဲတော်
ဒီမြေ ဒီရေ တောင်တန်းကြီးတွေ x x x ငါတို့အမျိုးရဲ့
ထာဝရသစ္စာမြေ
ဂုဏ်ယူလိုက်စမ်း x x x တောင်တန်းသားဘဝကို
အားမာန်တွေနဲ့ တို့အမျိုးရဲ့ပွဲတော်
တူညီစိတ်များ x x x မြောက်တိုင်းလည်း မမြောက်ပါ
သစ္စာအမှန်တရား x x x ခြောက်တိုင်းလည်း မကြောက်ပါ
တောလုံးအနှံ့ဝယ် တောင်ဇလပ်ပန်းပွင့်ဝေ
တို့မောင်နှမများ ဆုံစည်းကြပွဲတော်

သီချင်းနာမည်လေးက ပွဲတော် ...ဟူ၍ ဖြစ်သည်။ တေးပြုစာဆိုများကတော့ ဆလိုင်းဂေလိန်းမောင် (မင်းတပ်) နှင့် ဆလိုင်းတမ်အောင်တို့ ဖြစ်ကြသည်။ ဆလိုင်းဂေလိန်းမောင်မှာ အခြားသူမဟုတ်ပါ။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ဖူးသော နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကနေ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူသွားခဲ့သူ ဖြစ်ပေသည်။ တေးရေး ဆလိုင်းဂေလိန်းမောင်၊ တေးဆို တင့်တင့်ထွန်းတို့၏ ပုဂံလမ်းကစောင့်နေမယ် သီချင်းသည် နိုင်ငံကျော်ခဲ့၏။ ယခုပွဲတော် သီချင်းကို အတူရေးစပ်ခဲ့သူ ဆလိုင်းတမ်အောင်ဆိုသည်ကလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းပြည်နယ်တွင် ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ပွဲတော်သီချင်း၏ တေးဆိုကတော့ တေးသံရှင် ဂျေနဗီ။

**စိန်ရတုချင်းအမျိုးသားနေ့ ကျင်းပ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားကို တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားသည်။ အခမ်းအနားသဘာပတိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုန်းကီးက မိန့်ခွန်းပြောကြားပြီးနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားအတွက် လှူဒါန်းငွေ ကျပ်သိန်း ၂၀၀ ကို ချင်းပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံက အားကစားပစ္စည်းများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မျိုးစေ့နှင့် ဓာတ်မြေဩဇာများကိုလည်းကောင်း ပြည်နယ်အစိုးရ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများနှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့နောက် ချင်းတိုင်းရင်းသား တိုင်းရင်းသူများက SAR LAM (အောင်ပွဲခံအက)၊ တီးတိန်ရိုးရာအကများဖြင့် ကပြဖျော်ဖြေပြီး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံ**

“ချင်းတိုင်းရင်းသားများ ပညာရေးမြှင့်တင်ရေးအဖွဲ့” ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မေမြို့ (ပြင်ဦးလွင်) ၌ ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားတို့၏ ပညာမျက်စိကို အလင်းဖွင့်ကာ အမျိုးသားစိတ်ဓာတ် ရှင်သန်နိုးကြားလာအောင် ဖော်ဆောင်ပေးခဲ့ကြသည်။ ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင်က ဦးဆောင်၍ ၁၉၃၃ ခုနှစ်တွင် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ချင်းတိုင်းရင်းသားတို့၏ လူနေမှုဘဝမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ချင်းတိုင်းရင်းသားများက ဗြိတိသျှကို ဆန့်ပြသပိတ် မှောက်ခဲ့ကြပြီး နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများလည်း ဝင်ခဲ့ကြသည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် ချင်းပြည်နယ် ဖလမ်းမြို့၌ လူထု ၅၀၀၀ ကျော် တက်ရောက်၍ မြေရှင်ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းရန် ထောက်ခံဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေးတွင် ဦးဆောင်ဆင်နွှဲခဲ့သူ ဗိုလ်ကြွမ်ဘိခ်နှင့် ဗိုလ်ခိုင်ကမ်း၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ချင်းအမျိုးသားကိုယ်စားလှယ်များဖြစ်ကြသော ဦးလှျူရ်မှုန်၊ ဦးထောင်ဇခုပ်နှင့် ဦးကီယိုမန်း၊ တောင်တန်းပြည်မ တစ်ချိန်တည်းလွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ပြီး ရှေ့တန်းမှပါဝင်ခဲ့သော သတိုးမဟာစည်သူ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) ဦးဝမ္မသူးမောင်၊ တပ်မတော်၏တာဝန်များကို ရှုပ်ရှုပ်ချွံချွံထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်၏အမြင့်ဆုံးစွမ်းဆောင်ရည်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခံရသော ဗိုလ်ကြီးသူရအောင်ဆန်းသူရိယ တိုက်ချွန်းတို့သည် ချင်းပြည်နယ်၏ အထင်ကရ မျိုးချစ်ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။

**တောင်ဇလပ်ပန်းကောက် ဖိတ်ခေါ်သံ**

(၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ ကျင်းပပြုလုပ်နေစဉ် ရှေ့ကခုံလေးပေါ်မှာ ချထားသော အခမ်းအနားအစီအစဉ် စာရွက်နှင့်အတူ ကဗျာပို့စကတ်လေးနှစ်ခုကို ဖတ်ခဲ့ရသည်။ ဆရာကျော်ဇင်ဦး (ဘဏ်)၏ ချင်းအမျိုးသားနေ့အမှတ်တရ ကဗျာနှစ်ပုဒ်။ တစ်ပုဒ်က တောင်ဇလပ်ပန်းကောက် ဟု အမည်ပေးထားသည် –

**ပေခုနစ်ထောင် တောင်တွေကြားမှာ**
**ဟားခါးမြို့လေး တည်ထားတယ်**
**နွေခေါင်ခေါင်တောင် အမောင်အေးလို့**
**စောင်ခြုံထွေးမှ နွေးရတယ်**
**ညီနောင်အစ်ကို အစ်မ နှမ**
**အလည်လာကြ ဖိတ်ခေါ်တယ်**
**တောင်ကြားတောင်စွယ် တောင်သွယ်တန်းဝယ်**
**တောင်ဇလပ်ပန်း ကြည့်ကြမယ်**
**ကြည့်မယ် ...........ကြည့်မယ်**

ဆက်လက်၍ ဖိတ်ခေါ်သံ ဟု အမည်ရသော ကဗျာလေးကိုလည်း အောက်ပါအတိုင်း ဖတ်ရှုခံစားလိုက်ရသည် –

**စတော်ဘယ်ရီသီးလေးစား**
**ချယ်ရီပင်အောက်က လမ်းကလေးမှာနား**
**တောင်တန်းများနှင့် အတူနေချင်လား**
**ဟားခါးမြို့ကို လာခဲ့ပါ...........**
**..........**
**ဟိုတောင်ထိပ်မှာ မိုးညိုညို့**
**ဒီတောင်ထိပ်မှာ မိုးညိုညို့**

*စာမျက်နှာ ၁၇ သို့*

**“ချင်းတိုင်းရင်းသားများ ပညာရေးမြှင့်တင်ရေးအဖွဲ့” ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မေမြို့ (ပြင်ဦးလွင်) ၌ ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားတို့၏ ပညာမျက်စိကို အလင်းဖွင့်ကာ အမျိုးသားစိတ်ဓာတ် ရှင်သန်နိုးကြားလာအောင် ဖော်ဆောင်ပေးခဲ့ကြသည်။ ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင်က ဦးဆောင်၍ ၁၉၃၃ ခုနှစ်တွင် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ချင်းတိုင်းရင်းသားတို့၏ လူနေမှုဘဝ မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ချင်းတိုင်းရင်းသားများက ဗြိတိသျှကို ဆန္ဒပြသပိတ်မှောက်ခဲ့ကြပြီး နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများလည်း ဝင်ခဲ့ကြသည်။**

*စာမျက်နှာ ၁၆ မှ*

### တောင်ခိုးညိုညို့ မှိုင်းပါလို့ ဆလိုင်းတို့ရဲ့ မြို့.........

#### ခရီးစဉ်အတွင်း တွေ့ဆုံမှာကြားမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၏ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ခရီးစဉ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ကလေးမြို့နှင့် စစ်ကိုင်းမြို့များတွင်လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့တွင်လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။ ယင်းသို့မှာကြားရာ၌ အကြောင်းတရားများရှိ၍ အကျိုးတရားများ ဖြစ်ပေါ်လာခြင်းကို သေချာဂဃနဏ လေ့လာသုံးသပ်နိုင်ကြစေရန်၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ မဲမသမာမှုများ ဖြစ်ပေါ်လာပုံကအစ တပ်မတော်၏ တိုက်တွန်းစိစစ်အကြံပြုဆောင်ရွက်ချက်များ၊ မလွှဲမရှောင်သာ နိုင်ငံ့အာဏာရယူထိန်းသိမ်းပြီးနောက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများ၊ မိမိတို့နိုင်ငံအပေါ် အာဆီယံနိုင်ငံများ၏ သဘောထား၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ယနေ့အချိန်၌ NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စတုတ္ထအကြိမ် တွေ့ဆုံဆွေးနွေးနေမှုများ၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနားများတွင် ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုအားပေးစကားပြောကြား၍ ကလေးငယ်များအား သေချာပြုစုပျိုးထောင်ပေးကြရန်၊ လာမည့်ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့၌ ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

ထို့အပြင် မွေးမြူရေးဇုန်များ ဖြစ်ပေါ်လာစေရေးနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိစေရေး၊ ရေရှားပါးသော ဒေသများဖြစ်၍ မိုးရေလှောင်စနစ် ကျင့်သုံးကြရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမြှင့်တင်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် အောင်မြင်ဖြစ်ထွန်းစေရန်အတွက် လူငယ်ထုကို စနစ်တကျ ပြုစုပျိုးထောင်ကြရေးကိုလည်း တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သည်။ ချင်းတွင်း၊ မြစ်သာကို ကျော်ဖြတ်၍ တောင်ဇလပ်မြေကို နှုတ်ဆက်ခဲ့သည်။

ဖေဖော်ဝါရီ ၁၉ ရက်က တပ်မတော်လေယာဉ်သည် နေပြည်တော်မှ နံနက် ၈ နာရီ စတင်ထွက်ခွာလာရာ ခန့်မှန်းမိနစ် ၅၀ မျှအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ချင်းတွင်းမြစ်အနောက်ခြမ်း ယင်းမာပင်၊ ပုလဲဘက်မှပတ်ဝင်ပြီး ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ချင်းတွင်းမြစ်ထဲမှာ ခုတ်မောင်းသွားလာနေကြသော စက်လှေလေးများ၊ သင်္ဘောများကို အစီအရီ တွေ့မြင်နေရသည်။ အညာမြေ၊ အညာရနံ့ကို ခံစားရလိုက်ရသည့် တစ်ခဏအချိန်လေးအတွင်းမှာပင် တေးပြုစာဆိုကိုလေးလွင်၏ ဂန္ထဝင်လက်ရာ၊ အဆိုတော်သန်းထွန်းလေး၏ မမေ့သောအညာ သီချင်းသည်လည်းကောင်း၊ ကျောက္ကာရွာနှင့် ရွှေကူနီ ဘုရားသည်လည်းကောင်း၊ မိုးညှင်းသံဗုဒ္ဓေစေတီနှင့် ဖိုဝင်တောင်တို့သည်လည်းကောင်း စိတ်အာရုံထဲမှာ ပြက်ပြက်ထင်ထင် ပေါ်လာခဲ့သည်။ ထိုမှ ဖေဖော်ဝါရီ ၂၀ ရက်နေ့ မုံရွာမှ ကလေးမြို့သို့ လေယာဉ်ဖြင့်အသွား မိနစ် ၃၀ ခန့်ကြာမြင့်ချိန်မှာ မြစ်သာမြစ်၊ နေရဉ္စရာမြစ်တို့က လာရောက်နှုတ်ဆက်ကြသည်။ မြစ်သာမြစ်ကို ပြောင်းပြန်စီးသောမြစ်ဟု ကျွန်တော်က အမှတ်သညာပြုထားသည်။ နေရဉ္စရာမြစ်နှင့်ပေါင်းဆုံ၍ ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည်။ ထိုနေ့က ဆက်လက်ထွက်ခွာခဲ့သော ကလေး-ဟားခါးခရီးစဉ်ကတော့ တပ်မတော်ရဟတ်ယာဉ်ဖြင့်ဖြစ်သည်။ ကြာမြင့်ချိန် ၂၅ မိနစ်စွန်းစွန်းမျှသာ။

ချင်းပြည်နယ်အတွင်းကို ဖြတ်သန်းမောင်းနှင် ဝင်ရောက်လာချိန်မှာတော့ ချင်းပြည်နယ်၏ အသည်းနှလုံး ရိဒ်ရေကန်၊ ကုလားတန်မြစ်၊ ဘွေနူးမြစ်နှင့် ခေါနူးစုမ်တောင်၊ ဘုံတလာရေတံခွန်တို့၏ အလှကို ခံစားမြင်ယောင်လာမိသည်။ ဆိုရသော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နေရာကိုကြည့်ကြည့် သဘာဝအလှများဖြင့် ခမ်းနားထည်ဝါနေသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည်။ ထိုအလှတရားများနှင့် ကြွယ်ဝမှုများကို လက်ဆင့်ကမ်းအမွေခံယူမည့် လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ထက်မြက်နေဖို့လည်း အလွန်အရေးကြီးသည်။ ယနေ့အချိန်အခါမှာ နိုင်ငံအတွက် အရေးကြီးဆုံးကတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများပါမကျန် တည်ငြိမ်အေးချမ်းဖို့ပဲ ဖြစ်၏။ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြပါစို့။ ။






ချင်းတိုင်းရင်းသား တိုင်းရင်းသူများ အကများဖြင့် ဖျော်ဖြေစဉ်။

## မြို့သစ်မြို့နယ်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် ထောက်ပံ့ငွေပေးအပ်

**မြို့သစ် မတ် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့သစ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြို့သစ်မြို့နယ် မြေပြင်သာအုပ်စု အောင်မြင်သာကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် မတ် ၁၃ ရက်က မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



အဆိုပါ လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးက လေပြင်းဘေးကြိုတင်ကာကွယ်ရေး စီမံချက်များကို ရှင်းလင်းပြောကြားကာ အစည်းအဝေးတွင် အောင်မြင်သာကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့မှ လူနေအိမ်တစ်လုံးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် အလုံးရေ ၁၀၀ အတွက် ငွေကျပ် ၄၅၀၀၀၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကော်မတီအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့်အတူ လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းဆောင်ရွက်သည်။ **ကိုဇော်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ နွေရာသီအခြေခံအားကစားနည်းသင်တန်းဖွင့်လှစ်

**တောင်ဥက္ကလာပ မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ၂၀၂၃ ခုနှစ် နွေရာသီအခြေခံအားကစားနည်း ပြေးခုန်ပစ်သင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ နံနက် ၇ နာရီ မှ ၉ နာရီအထိ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယင်းနွေရာသီအခြေခံအားကစားနည်းသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ဥမ္မာဝင်းက နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်တွင် ကျောင်းသားကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ပြေးခုန်ပစ်အားကစားနည်းများ၏ အခြေခံနည်းစနစ်များကို စနစ်တကျလေ့လာသင်ယူနိုင်စေရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေရာသီအခြေခံ အားကစားနည်းသင်တန်းတွင် အရှေ့ပိုင်းခရိုင် မြို့နယ် ၁၄ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကာယဆရာမတစ်ဦးစီနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **သီတာအေး(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်သူ အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်




နေပြည်တော် မတ် ၁၅

ချင်းပြည်နယ် ပလက်ဝမြို့နယ် အတွင်းရှိ ယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင်သူ အိမ်ထောင်စုဝင် မိသားစုများသည် ၎င်းတို့၏ သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ ယာယီတိုက်ပွဲရှောင်သူ အိမ်ထောင်စုဝင်များ လတ်တလော စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို မတ် ၁၄ ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့ ကီမိုခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အားပေး အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ချင်းပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၀ အတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ၉၀၀၀ ကျပ်နှုန်းဖြင့် လူဦးရေ ၁၀၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၉၄၅၀၀၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန် ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ပုံး ၂၀ ကိုလည်းကောင်း စခန်း တာဝန်ခံများထံ ထောက်ပံ့ပေးအပ်ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ပြည်နယ်အစိုးရ အဖွဲ့နှင့် တပ်မတော်တို့မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပလက်ဝမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာ စခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ပြန်လည်သွားရောက်နေထိုင်ကြမည့် ယာယီတိုက်ပွဲရှောင်သူ အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန် ပစ္စည်းများအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက စက်လှေများပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏ နေရပ် ကျေးရွာများအရောက် အခမဲ့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လပွတ္တာခရိုင်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် နည်းပညာပေးသင်တန်းဖွင့်



လပွတ္တာ မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ခရိုင်အတွင်း ငါး၊ ပုစွန်၊ ကဏန်း မွေးမြူသူများအတွက် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးတွင် လိုက်နာဆောင်ရွက်ရမည့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP)ဆိုင်ရာ နည်းပညာပေး သင်တန်းကို မတ် ၁၅ ရက် နံနက် ၉ နာရီတွင် လပွတ္တာခရိုင် အိမ်တွင်းမှု သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့် တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းအား ဖွင့်လှစ်ပေးသည်။ သင်တန်းသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ငါးလုပ်ငန်း ဦးစီးဌာန မွေးမြူရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမြဆင့်နှင့် ဆရာမများ၊ ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ ငါး/ပုစွန်/ ကဏန်းပျော့ မွေးမြူသူ သင်တန်းသားများ စုစုပေါင်း ၆၅ ဦး တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်၌ ငါးမွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်

ရန်ကုန် မတ် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည့် အစည်းအဝေးတွင် အသား/ငါးကဏ္ဍတွင် ငါးမွေးမြူရေးမှ ဝင်ငွေများ ရရှိနိုင်ရန် နည်းပညာအကူညီပေးနိုင်ရေး ဆောင်ရွက်ရန်ဟု လမ်းညွှန်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်အပေါ် ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ငါးမွေးမြူရေး နည်းပညာပေး သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ဇုန်ရှိစိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ငါးမွေးမြူရေးနည်းပညာပေး သင်တန်းကို မတ် ၁၂ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။




သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက အမှာစကား ပြောကြားပြီး လှော်ကားငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်အေးအေးမော်က ငါးမွေးမြူရေးနည်းပညာများနှင့် ပတ်သက်၍ ဆွေးနွေးပို့ချသည်။

အဆိုပါ ငါးမွေးမြူရေး နည်းပညာပေး သင်တန်းသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေ၊ ညောင်နှစ်ပင်ဇုန်(၃)ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်ငြိမ်း၊ ဇုန်အတွင်းရေးမှူး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ကြည်၊ ဇုန်မှ တာဝန်ရှိသူများနှင့် ဇုန်အတွင်းရှိ ငါးမွေးတောင်သူ ၅၀ တို့ တက်ရောက်ကြကာ သင်တန်းမှ ငါးမွေးမြူရေး နည်းပညာစာစောင်များ ဖြန့်ဝေကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟသ်ာတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ကံသာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဝိဇ္ဇာတဗိမာန်မိုးကုတ်ကျောင်းတိုက်နှင့် သဃ်ာန်းကျွန်းမြို့နယ်ရှိ မဟာသုဝဏ္ဏကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ပြင်ထီးလင်းကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဓမ္မစရိယတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မေတ္တာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် မတ် ၁၅

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၉)ကို မတ် ၁၇ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၁၇ ၊ ၁၈ နှင့် ၁၉ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဦး၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်ဖြန့်ဝေ

မြောက်ဦး မတ် ၁၅

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အောင်တပ်ရပ်ကွက်ရှိ အ.ထ.က–၂ ကျောင်း၌ ယနေ့ မွန်းလွဲပိုင်းက အခမဲ့ဖြန့်ဝေပေးသည်။

(၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (အခမဲ့) ထုတ်ဝေခြင်းဖြစ်ပြီး လက်ကမ်းစာစောင်တွင် ပါရှိသော ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များ၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပုံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များ၊ ကဗျာ၊ ကာတွန်းနှင့် ဆောင်ပုဒ်များပါရှိသည့် လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)






## "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် မတ် ၁၅**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် မတ်လ ၂၇ ရက်တွင် ရောက်ရှိမည့် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲအစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂၄ ရက်အထိ ပွဲစဉ်(၅)ခုဖြင့် အပတ်စဉ် သောကြာနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်ကို "မြန်မာ့အသံတေးဂီတ" အဖွဲ့၏ တီးခတ်မှုနှင့်အတူ မူရင်းတေးသံရှင်များ၊ နာမည်ကျော်တေးသံရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းအဆိုရှင်များနှင့် တူယှဉ်နွှဲပျော်ဂီတပွဲတော်များမှ တေးသံရှင်များ ပါဝင်သီဆိုလျက်ရှိရာ မတ် ၁၇ ရက်တွင် တင်ဆက်မည့် ပွဲစဉ် (၄) တွင် ရသ၊ စိုးသီဟ၊ ကောင်းမိုးယံ၊ ဆုရည်၊ နန်းစန္ဒီ၊ ချိုမီမီဇော်၊ မြတ်နိုးစံ၊ ပပအောင်၊ မေသူမျိုးနှင့် ဝမ်းကေဇင်တို့ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့ တင်ဆက်မှုကို မတ် ၁၉ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်မှ "သုဝဏ္ဏတိလက"ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မတ် ၁၅**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာ ဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "သုဝဏ္ဏတိလက" ဇာတ်တော်ကို ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ ဆန်းနေအောင်၊ ထက်ကို၊ ဦးဝါဝင်း၊ ချမ်းချမ်းမိုးနှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို မတ် ၁၈ ရက်(စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး မတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရောဝတီတံတား( မကွေး )ရေလမ်း ပြောင်းလဲမည်

**နေပြည်တော် မတ် ၁၅**

ရောဝတီတံတား(မကွေး) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁၆)နှင့် (၁၇)အကြားမှ ဖွင့်လှစ်ထားသည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၁၈ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁၇) နှင့် (၁၈)အကြားမှ လည်းကောင်း၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၆)နှင့်(၁၇) အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ (၁၁၀)ရှိပြီး ကင်းလွတ် အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက်(၁၇) မီတာ ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် (၁၅) ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် (၂)ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သွားမည်

**နေပြည်တော် မတ် ၁၅**

၂၀၂၃ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို "ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ရှေ့သို့ပြောင်းလဲဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ဦးအောင်စည်သူ(စည်တော်မောင် မကွေး) က ပထမဆု၊ ဟသ်ာတမြို့ ကနောင်စုရပ်ကွက်မှ ဦးဇော်လွင်ဦး (ကိုတူး သာယာမြိုင်)က ဒုတိယဆုနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(စက်မှု) ဦးရဲဖြိုးပိုင်(ကိုရဲစက်မှု) က တတိယဆုရရှိခဲ့ကြောင်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ သိရသည်။

ထိုသို့ ဆုရရှိခဲ့ကြသည့် ဆောင်းပါးရှင်များကို မတ် ၂၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၃ - ၂၀၂၃

### ရွှေ

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၂၄၃၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၂၃၀၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၀၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၃၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၀ ကျပ် | ၂၁၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၂၀ ကျပ် | ၂၂၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၁၅ ကျပ် | ၂၂၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၄၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၉ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၇၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၈ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၈ . ၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၂၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၁၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၄၂၈ | ၃၄၆၆၈၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၂၅၇၇ | ၈၂၄၆၄၀၀ |
| MCB | ၇၅၀၀ | ၇၃၀၀ | ၁၆၄ | ၁၂၂၉၄၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၂၃၈ | ၃၅၇၄၄၅၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၂ | ၅၁၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀၀ | ၂၆၅၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၉၃ | ၉၄၅၇၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး မတ် ၁၅**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို မတ် ၁၅ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကမ္ဘာကြီးသည် ခေတ်မီဖွံ့ဖြိုး တိုးတက်လာသည်နှင့် အမျှ လူတို့၏နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲတိုးတက်လာပြီး အလွယ်တကူ အသင့်စား စားသောက်ကုန်ပစ္စည်းများအား တာရှည်ခံစေရန်၊ အနံ့အရသာပြည့်စုံစေရန် ဦးစားပေးကာ တရားမဝင်ဓာတုဆေးဝါးများ၊ အခွင့်မပြုသည့် ဓာတုဆိုးဆေးများ အသုံးပြုထုတ်လုပ်လာသဖြင့် စားသုံးသူပြည်သူများ အရွယ်မတိုင်မီ ရောဂါစွဲကပ်ခြင်းနှင့် နာတာရှည်ရောဂါများ ဖြစ်ပွားမှုတိုးတက်လာပြီး လူစွမ်းအားအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်လာကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တချို့၏ ဝိသမလောဘကြောင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေများကို ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲ တာဝန်ခံက ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းဆိုင်ရာကဏ္ဍများတွင် လူ၊ တိရစ္ဆာန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး သတ်မှတ်ချက်များအား ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ခဲ့သည်။ **တင်စိုး(ပဲခူး)**

## နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၁၅**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပျဉ်းမနားခရိုင် ထွေ/အုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက စားသုံးသူအခွင့်အရေးများနေ့သည် စားသုံးသူပြည်သူများအတွက် စဉ်းစားပေးသည့် အထိမ်းအမှတ်နေ့တစ်ခု ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် စားသုံးသူရေးရာကော်မတီဝင်များ အနေဖြင့်လည်း စားသုံးသူများ၏ အစားအသောက်အပါအဝင် ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ၊ အစားအသောက် လုံခြုံမှုရရှိစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ဈေးနှုန်းမှန်ကန်စေရေးများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက စားသုံးသူပြည်သူများနှင့် လုပ်ငန်းရှင်များအား စားသုံးသူရေးရာဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူအခွင့်အရေးများနေ့ အကြောင်းသိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား နေပြည်တော် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **အောင်ကို(ပြန်/ဆက်)**




## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် မြောက်ဦးခရိုင် မြေပုံမြို့ရှိ ဆိပ်ခံတံတားသို့ရောက်ရှိရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မြေပုံမြို့ရှိ ပညာ့ဗိမာန်ရိပ်သာ ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါမြို့အတွင်းရှိကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၅၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇၂ ဦး၊ ခွဲစိတ်ရောဂါ ၄၁ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၉ ဦး၊ ကလေးရောဂါ ၆၈ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၉၆ ဦး၊ မျက်စိရောဂါ ၃၃၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉၆ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ နှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။









ဒေသခံပြည်သူများ။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရသည်-

"တပ်မတော်ပင်လယ်သွားဆေးကုသင်္ဘောကြီး လာရောက်မယ်ဆိုတာကြေညာထားပြီး ပါရဂူတွေလည်းပါမယ်ဆိုတော့ လာရောက်ပြသဖြစ်တာပါ။ ပင်လယ်သွားသင်္ဘောကြီး လာမယ်ဆိုတာသိတော့ ဝမ်းသာနေတာပါ။ မြေပုံမြို့နယ်က ကျွန်းစုတွေနဲ့ ဖွဲ့စည်းထားတဲ့မြို့နယ်ပါ။ တခြားမြို့တွေ စစ်တွေတို့၊ ကျောက်ဖြူတို့၊ ရန်ကုန်တို့ သွားဖို့ဆိုတာက ဒီကသူတွေက တော်တော်အလှမ်းဝေးပါတယ်။ သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ မြို့ပေါ်အရောက် အိမ်တိုင်ရာရောက် လာရောက်ကုသပေးတဲ့အတွက် အထူးပဲဝမ်းသာမိပါတယ်။ ဒေသခံတွေအတွက်လည်း အကျိုးဖြစ်ထွန်းပါတယ်။ ပါရဂူတွေက ကိုယ့်မြို့နယ်ထဲကို လာရောက်ကုသပေးတဲ့အတွက် လူတန်းစားမရွေး လာရောက်ကုသကြတာပါ။ အလွှာစုံပါပါတယ်။ ကိုယ့်ဆီမှာက ရှင်းရှင်းလင်းလင်းပြောရရင် အထွေထွေရောဂါကုဆရာဝန်ပဲရှိပါတယ်။ ပါရဂူကြီးတွေက ကိုယ်မြို့ကိုလာရောက်ပေးတဲ့အတွက် အားကိုးတာလည်းပါတာပေါ့။ နောင်နှစ်နောင်နှစ်တွေမှာလည်း တစ်နှစ်ကိုတစ်ကြိမ် လာရောက်ကုသပေးစေချင်ပါတယ်။ ဒီလိုမျိုးကုသဖို့စီစဉ်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း အထူးကျေးဇူးတင်ပါတယ်"

"သွားရေးလာရေးခက်ခဲတဲ့ဒေသတွေကို တကူးတက လာရောက်ကုသပေးတဲ့ အထူးကုဆရာဝန်ကြီးတွေကို ကျွန်တော့်ဘက်ကနေပြီး လုပ်အားဒါနကို ရှိတဲ့လူအင်အားနဲ့ ကူညီဆောင်ရွက်ပေးရလို့ အတိုင်းမသိဝမ်းသာမိပါတယ်။ အလွန်ကောင်းတဲ့ အစီအစဉ်လို့ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သွားလာရခက်ခဲတဲ့ဒေသရဲ့ တောသူတောင်သားလယ်သမား မပြည့်မစုံတဲ့သူတွေအတွက် မြို့ကိုတက်ပြီးဆေးကုသဖို့ဆိုတာရယ်၊ သွားလာရတာရယ်၊ ငွေရေးကြေးရေးရယ်၊ အချိန်ရယ် အခက်အခဲတွေ အများကြီးရှိပါတယ်။ အခုလိုဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး ကျန်းမာရေးအဆင်ပြေအောင်လုပ်ပေးတဲ့အတွက် အလွန်ကို ကျေနပ်မိပါတယ်။ ဒေသခံတွေ ကိုယ်စား ကျေးဇူးလည်းတင်ပါတယ်။" **သတင်းစဉ်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအိအိနွယ် ၈/ပဖန (နိုင်)၁၅၁၁၁၉၏ နိုင်ငံကူး လက်မှတ် (နံပါတ်မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မအိအိနွယ်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမေဦးဇော် ၈/မသန (နိုင်)၁၁၉၄၄၉ ၏ နိုင်ငံကူး လက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မမေဦးဇော်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကြင်သိန်း ၈/ခမန(နိုင်)၁၅၉၆၅၈၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မောင်ကြင်သိန်း**

## အမည်မှန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နဝဒေးအိမ်ရာနေ ဦးတင်ထွေး ၏သား မောင်ပြည့်ဖြိုးအောင်၏ အမည်မှန်မှာ မောင်အောင်ပြည့်ဖြိုး ၁၂/သလန(နိုင်) ၁၁၆၅၃၈ ဖြစ်ပါကြောင်း။

**အောင်ပြည့်ဖြိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/8810, Toyota Succeed NCP51, S/W(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးစံငြိမ်း ၁၂/မရက(နိုင်)၁၅၅၃၅၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/93027 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်မျိုး ၇/ပခန(နိုင်)၂၅၆၀၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်နေ ဦးမောင်မောင်သန်း၏သား မောင်အောင်ကျော်သူ ၈/စလန(နိုင်)၀၁၄၇၀၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၄-၁၉၇၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/50618, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်)၀၀၂၅၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

**သင့် စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၃-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃)ပါ ဒေါ်နော်ဖော်လီ(ခ)ဒေါ်နော်လီလီ ၁၃/တကန (နိုင်)၀၁၀၄၉၈နှင့် အများသိစေရန်ကြေညာချက်ကြော်ငြာတွင် မြေကို ဥပစာ အစား မြေကွက်ဥပစာဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/7261 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/4688 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၇

ကွယ်လွန်သူ ဒေါ်တေရှုဗီ(ခ)ဒေါ်မြကြည်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိ အနောက်ရပ်ကွက်၌ နေထိုင်ခဲ့သော ဒေါ်တေရှုဗီ(ခ)ဒေါ်မြကြည်၏ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်၊ ကွင်းအမှတ်(၅၄၆)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ဒသမ ၀၄၄၃)ဧကအကျယ်ရှိ ဒေါ်တေရှုဗီ(ခ)ဒေါ်မြကြည် အမည်ပေါက် ဘိုးဘပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်မြင့်အေး(ခ)ဆွာဆွေကွာက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ခုနှစ်၊ ဧပြီ ၃ရက် (၁၃၈၄ခုနှစ် တန်ခူးလဆန်း ၁၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တေရှုဗီ(ခ) ဒေါ်မြကြည်၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ခုနှစ်၊ ဧပြီလ ၃ ရက် (၁၃၈၄ခုနှစ် တန်ခူးလဆန်း ၁၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်း ကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြင့်မြင့်အေး(ခ) ဆွာဆွေကွာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ် မတ်လ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ဒေါ်မေဖြိုးဇော်(ဒါရိုက်တာ)၏ စိန်ငွေအေးကုမ္ပဏီ အမည်ဖြင့် ဆေးဝါးမှတ်ပုံတင်ကတ် (DRC)ကတ်များ အောက်ဖော်ပြပါစာရင်းအတိုင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်-
**ဖုန်း-၀၉-၅၀၀၉၁၃၉**

1. Rythromycin-250 R2203 AA 4078

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ ဘဲရမ်းကျေးရွာ၊ ဘဲရမ်း (၂)လမ်းထိပ်၊ မော်-သံလမ်း၊ အမှတ်-၉/Bနေ ဒေါ်သော်တာသိန်း (ဘ)ဦးစံသိန်း ၁၀/မဒန(နိုင်) ၁၀၂၆၂၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်သည်မှာ-

ဒေါ်သော်တာသိန်းသည် ခင်ပွန်းဖြစ်သူ ဦးအောင်သန်းဦး၏ သဘောဆန္ဒအရ မုဒုံမြို့နယ် တရားရုံးတွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ နေအိမ်တွင် တာယာလုပ်ငန်းနှင့် အထည်ဆိုင်ဖွင့်လှစ်ကာ သားသမီးနှစ်ဦးနှင့်အတူ ဂုဏ်သိက္ခာရှိစွာ ဖွင့်လှစ်လုပ်ကိုင်နေခြင်းအပေါ် ဒေါ်သော်တာသိန်းနှင့် သားသမီးတို့၏နာမည်၊ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားထိခိုက်အောင် ပြုမူဆောင်ရွက်ခြင်းများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရည်ရွယ်ချက်ရှိရှိဖြင့် ဂုဏ်သိက္ခာထိခိုက်ကျဆင်းအောင် မဟုတ်မမှန်သတင်း ဖြန့်ပြောဆိုနေသော ပုဂ္ဂိုလ်နှင့် ဆင့်ပွားသတင်း ဖြန့်နေသူများပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖြစ်ပေါ်လာသည့် တာဝန်နှင့်ကိစ္စအရပ်ရပ်များအပေါ် နစ်နာအောင် ပြုလုပ်ခဲ့သည့် ကိစ္စများအတွက် နစ်နာအောင် ပြုလုပ်သူများဘက်မှသာ တာဝန်ယူဖြေရှင်းရမည်ဖြစ်ကြောင်း သိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သော်တာသိန်း** | **ဒေါ်ဇင်မီမီအောင် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၀၇)** |
| | **အမှတ်-၆၃(A)၊ အရဟံလမ်း၊ ဘိုတဲရပ်၊** |
| | **မြို့မ (၃)ရပ်ကွက်၊ မုဒုံမြို့** |

## အများသိစေရန်ကြေညာချက်

၁။ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄အေ (အကွက်-၉၂)၊ မြေကွက်အမှတ်(၃)၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၂၈)ရှိ (၁)ခန်းတည်း (၈½/၂)ထပ်တိုက် အဆောက်အအုံ ဆောက်လုပ်ခွင့်အား မြေရှင်ဒေါ်အေးအေးသန်း၊ လိုင်စင်ရကန်ထရိုက်တာဦးလှရွှေ(LC-540)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ထားသက်စုမွန်အောင် (LS-855) တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ၁၇-၁၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၃၁၅၉/၃၁၅၈/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီး (၁)ခန်းတည်း (၈)ထပ်တိုက် (Roof Slab၊Liftပါ)အဆောက်အဦပုံစံပြောင်းလဲ၍ လိုင်စင်ရကန်ထရိုက်တာဦးလှရွှေ (LC-540)၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ ဦးဇော်မင်း(RSE-1934) တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၂၅-၁-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၉၄၃/၉၄၄/ စည်ပင်-ယာ(အုံ)ဖြင့် Revised Plan ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးလှရွှေ (LC-540)အစား ဦးသန်းထွန်း(LC-582)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန်နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာဦးဇော်မင်း(RSE-1934)အစား ဦးခင်မောင်ထွန်း (RSE-989)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ (၂)ဦးနှင့် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ(၂)ဦးတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း နှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်၊ အမှတ်-II၁၁၃ နှင့် ၁၃၀/A ၁+II၁၁၃ နှင့် ၁၃၀ /A၂ မြေပေါ်တွင် ဆောက်လုပ်ထားသည့် Gonyi Residential Unit၊ တိုက်အမှတ်(A)၊ (၃)ခန်းတွဲ (၁၄)ထပ်တိုက်၏ Level-8၊ အခန်းအမှတ်(602) အကျယ်(၂၁၅၆) စတုရန်းပေရှိ (မော်တော်ယာဉ်-၁စီး ရပ်နားခွင့်အပါအဝင်) ကွန်ဒိုတိုက်ခန်း အကျိုး ခံစားခွင့်အရပ်ရပ်တို့အား Myanmar Imperial Vaga Co.,Ltdထံမှ (၂-၈-၂၀၂၂) ရက်စွဲပါ " Gonyi Residence ရှိ တိုက်ခန်းအရောင်းအဝယ်သဘောတူကတိစာချုပ်" အရဦးအောင်ဇော်မြင့် ၁၂/သလန(ပြု)၀၀၀၀၆၈က မိမိတစ်ဦးတည်းဝယ်ယူ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ငှက်ပျောတော ကျေးရွာနေ (ဘ)ဦးထွန်းထွန်းနိုင်၏သမီး မသိမ်းထူး ၁၄/သပန(နိုင်)၁၆၇၂၈၅အား မသွန်းသံစဉ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မသွန်းသံစဉ်**
**၁၄/သပန(နိုင်)၁၆၇၂၈၅**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/3983 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ပုပ္ပါးလမ်း၊ မြေကွက်အမှတ်(၁၀၈၁)၊ အကျယ်အဝန်း (၄၄ပေ× ၆၀ပေ)ရှိ ဦးနေတိုးမောင်မောင် (AB-၀၄၁၀၂၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက် (၂၄ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဇော်မြင့် (၁၂/အစန (နိုင်) ၀၆၇၂၅၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မဟာဗေယျလမ်း၊ တိုက်အမှတ် (၃၀)၊ အခန်း (မြေညီထပ်) (ဝဲဘက်ခန်း)၊ အကျယ်အဝန်း(၁၈ပေ× ၆၀ပေ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးချစ်(၁၂/ပဇတ (နိုင်) ၀၀၉၄၄၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## အမည်ပြောင်း

သရက်မြို့နယ်၊ အလကပေါက်ပင် Grade-9 တွင် ပညာသင်ကြားနေသော (ဘ)ဦးဝင်းဗိုလ် ၈/သရန(နိုင်) ၀၆၉၇၁၀ ၏သား မောင်လွမ်းဇော်ဗိုလ်အား မောင်ဘုန်းသီဟဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဘုန်းသီဟ**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၁)ရပ်ကွက်၊ ကွင်းအမှတ်(၂၀၂)၊ ကျူချောင်းကွင်း၊ ဦးပိုင်အမှတ်(၂၀/၁)၊ မြေကွက်အမှတ် (၇၈၆/၁၀၀၀၊ ၇၈၇/၁၀၀၁)၊ မြေဧရိယာ ၀.၁၈ဧကရှိမြေကို ဒေါ်ယုယုခိုင်အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဗဟိုစည်(၄)လမ်း၊ အမှတ်(၂၀၃၁)ဟု ခေါ်တွင်သည့် ဧရိယာ(၀.၀၃၃)ဧကရှိဂရန်မြေနှင့်မြေကွက်ပေါ်ရှိနေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအမည်ပေါက်ပိုင်ဆိုင်၍ လက်ရှိထားနေထိုင်သူ ဦးခင်မောင်တင့် (ဘ) ဦးကျော်စိန်၊ ၇/ပခန(နိုင်) ၁၄၅၀၂၂မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင်၊ ၇/ပခန(နိုင်)၂၁၄၉၂၁မှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ဦးအောင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဆန်းယု (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၀၅)**
**အမှတ်(၁၆၄၄)၊ ဆိုရှယ်လယ်(၁၇)လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့၊ ၀၉-၄၂၈၁၂၃၉၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် (၁)ဟု ခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅အိပ်ချ်၊ မြေကွက်အမှတ်-၁၅၈၊ အလျားပေ ၂၀x အနံပေ ၄၀၊ ဧရိယာ စတုရန်းပေ ၈၀၀အကျယ်အဝန်းရှိ ဒေါ်တင်မာထွေး (၁၄/ဟသတ(နိုင်)၂၆၃၉၂၂) အမည်ပေါက် နှစ် ၆၀ ဂရန်မြေနှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်မာထွေး (၁၄/ဟသတ(နိုင်)၂၆၃၉၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြတ်ဝေချို B.A (Law); LL.B** | **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ညောင်ဦးမြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၄

| | | |
|---|---|---|
| မအိအိငွေ | **နှင့်** | ကိုချစ်စန်းမောင်(ခ)စမိုင်း |
| **တရားလို** | | **တရားပြိုင်** |

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အုန်းပင်ရွာတွင်နေ တရားပြိုင် ကိုချစ်စန်းမောင်(ခ)စမိုင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မအိအိငွေက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၀ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ညောင်ဦးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/82088, Turbo Star 125 Cycle ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးထွေး၁၄/မအပ(နိုင်) ၁၇၅၉၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/79836, DAZZ 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူသူအောင် ၁၄/ပသန(နိုင်) ၂၈၇၉၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြို့ပတ်လမ်း၊ အိမ်အမှတ်(၈/၈၄)နေ ဒေါ်နီလာလွင် (စိမ်းလဲ့လွင်ကုမ္ပဏီလီမိတက်၏ကိုယ်စား)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

**စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်-၀၃၁/၂၀၂၃**

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားမှာ ကျွန်ုပ်မိတ်ဆွေ စိမ်းလဲ့လွင်ကုမ္ပဏီလီမိတက်မှ (Cosmetics & Skin Care)စသည့် အလှကုန်ပစ္စည်းအမျိုးမျိုးအား ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုမည့် "B.Me"တံဆိပ် အမည် အမှတ်အသား(လိုဂို)ဖြစ်ပါသည်။ အဆိုပါ (Cosmetics & Skin Care, Body Care & Hair Care) အလှကုန်ပစ္စည်းအမျိုးမျိုးအား THAI BEAUTY GROUP (THAILAND) CO. LTD မှ ထုတ်လုပ်တင်သွင်းမည်ဖြစ်ပြီး စိမ်းလဲ့လွင်ကုမ္ပဏီမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ စိမ်းလဲ့လွင်ကုမ္ပဏီလီမိတက်မှ ရောင်းချမည့် "B.Me" တံဆိပ်(လိုဂို)ပါ Cosmetics & Skin Care, Body Care & Hair Care) အလှကုန်ပစ္စည်းများသည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အသိအမှတ်ပြု FDA ထောက်ခံချက်များလည်း ရရှိထားပြီးဖြစ်ပါသည်။ B.Me တံဆိပ်အမည် အမှတ်အသားမှာ အောက်ခံအဖြူပေါ်တွင် ရွှေဝါရောင်စာလုံးဖြင့် လိပ်ပြာပုံစံဒီဇိုင်းအား ပြုပ်လုပ်ရေးဆွဲထားခြင်းဖြစ်ပြီး အင်္ဂလိပ်အက္ခရာဖြင့် B.Me စာလုံးအား ရွှေရောင်ဖြင့်ဖော်ပြထားခြင်းဖြစ်ပါသည်။ "B.Me"တံဆိပ်အမည် အမှတ်အသားကို စိမ်းလဲ့လွင်ကုမ္ပဏီလီမိတက်မှ တင်သွင်းဖြန့်ဖြူးရောင်းချမည့် Cosmetics & Skin Care, Body Care & Hair Care) စသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတွင် အသုံးပြုမည့် ကတ်ထူဘူးများ၊ ထည့်သွင်းပစ္စည်းများ၊ ထုတ်ပိုးပစ္စည်းအမျိုးမျိုးတို့၌ ရိုက်နှိပ်၍ နောက်ခံ အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့တွင် ထုတ်လုပ်၍ အသုံးပြုနိုင်ရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေသည် ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၀၃၁/၂၀၂၃ဖြင့် (၁၃-၂-၂၀၂၃)ရက်တွင် တရားဝင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားပါရှိသည့် စိမ့်လဲ့လွင်ကုမ္ပဏီလီမိတက်မှ တင်သွင်းဖြန့်ဖြူးရောင်းချမည့် "B.Me"(လိုဂို)တံဆိပ်ကို နေပြည်တော်ပျဉ်းမနားမြို့မှနေ၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချနေသည်ဖြစ်ရာ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားသူ တစ်ဦးတစ်ယောက်မှသော်လည်းကောင်း လူအများမှသော်လည်းကောင်း၊အသင်းအဖွဲ့တစ်ခုခုမှသော်လည်းကောင်း၊ ကုမ္ပဏီတစ်ခုခုအနေဖြင့်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ဖြစ်စေမည့် တုပသုံးစွဲခြင်းများမပြုကြရန်၊ ကုမ္ပဏီ၏ ခွင့်ပြုချက်မရရှိဘဲ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မေသူမြင့်(LL.B,LL.M)** | **ဒေါ်တင်တင်ဌေး(LL.B)** | **ဒေါ်ယဉ်ငြိမ်းလဲ့(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၆၉/၂၀၁၆)** | **(စဉ်-၄၉၁၂၃/၂၀၁၇)** | **(စဉ်-၅၁၇၅၄/၂၀၁၉)** |

**အိမ်အမှတ်(၁၄/၆၂၈)၊ (၄)လမ်း၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း- ၀၉-၄၃၁၀၉၀၆၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တသဝင်းတင် (ကိုယ်ပိုင်အမှတ် ၆၂၆၀၅၆)၊ ၁၂/မဂဒ(နိုင်)၂၁၇၃၁၂ (ဘ)ဦးမန်းဘီ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၄၃၂ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်မမူ ၁၂/မဂဒ(နိုင်)၀၁၅၆၅၁ (ဘ)ဦးလှရွှေမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ တသဝင်းတင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်အေးမြင့်ခိုင် ၈/ခပန(နိုင်) ၁၁၃၉၄၆(ဘ)ဦးချစ်ဦး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၃၆၇)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၆၅/၂၀၁၉(၂၀-၁၁-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းသလ္လာကြည် ၁၂/သဃက(နိုင်) ၁၁၅၀၄၅ (ဘ)ဦးတင်ငွေကြည်မှ ဒေါ်နန်းနေဇာကြည် ၁၂/သဃက(နိုင်) ၀၄၂၃၆၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက် လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မလမ်း၊ Villa B-1 ၊ အမှတ်(၆၅)နေ ဒေါ်သက်ထားဆွေဇင်(၉/ခမစ(နိုင်)၀၄၃၃၁၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ကျောက္ကလပ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၂၂၈-က)၊ မြေလွတ်မြေရိုင်းမြေအမျိုးအစား၊ ဧရိယာ(၄. ၂၈)ဧကရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးအောင်ဆန်းဝင်း (၁၁/သတန(နိုင်) ၀၅၇၄၄၁)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာဝင်းမှ စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် လယ်ယာမြေကွက်(၂)ကွက်နှင့် ယင်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ (သို့) ကျွန်ုပ်၏မိတ်ဆွေထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်အေး(ရေတာရှည်)၊ H.G.P, LL.B., D.B.L တရားလွှတ်တော်ရှေ့နေ(၅၇၈၈/၉၁)

ရုံး - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာ၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၄၅၁၇၈၊ ၀၁-၆၄၅၁၇၉၊ ၀၁-၆၄၅၁၈၀၊ ၀၁-၆၄၅၁၈၁၊ ၀၁-၆၄၅၁၈၂။

အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။
ဖုန်း-၀၉-၄၂၁၇၈၆၆၁၈၊ ၀၉-၄၅၁၂၄၃၇၃၃၊ ၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်) မြေကွက်အမှတ် (ဒ-၄၉၉၃(အေ))၊ မြေဧရိယာ ၀.၀၈၂ဧကရှိ ဦးဇော်မျိုးထွန်း (ဘ)ဦးကြည်မောင် ၁၂/ပဇတ(နိုင်)၀၀၀၂၅၁ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို ဦးဇော်မျိုးထွန်းထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၉၉၃/၂၀၂၁)၊ (၂၂-၆-၂၀၂၁)ရရှိထားသူ ဦးလှစိုးမင်း (ဘ)ဦးကျော်မြင့် ၈/အလန (နိုင်) ၁၃၄၂၅၄မှ ဦးကျော်စိုးမိုး (ဘ)ဦးစန်းမောင် ၁၄/ဓနဖ(နိုင်) ၀၈၃၀၁၉နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

